မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၂ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၃)

စွမ်းအားစုကြီးသုံးရပ် ပေါင်းစည်း

ဒို့တာဝန် အရေးသုံးပါးကို ထိပါးနှောင့်ယှက်ပြီး နိုင်ငံတော်နဲ့ တပ်မတော်ကို ဖြိုခွဲဖို့ ကြံစည်ကြိုးစားလာတဲ့ မည်သည့်အန္တရာယ် အခက်အခဲကိုမဆို နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော် ဆိုတဲ့ စွမ်းအားစုကြီးသုံးရပ် ပေါင်းစည်းတဲ့ အင်အားနဲ့ တွန်းလှန်ချေမှုန်းသွားမှာပဲဖြစ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

တပ်မတော်ရဲ့ ကောင်းမြတ်တဲ့အစဉ်အလာ ထိန်းသိမ်း၊ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ် စစ်သိပ္ပံပညာရပ်တွေကို မပြတ်ဆည်းပူး၊ နိုင်ငံတော်ကာကွယ်ရေး အမြဲအသင့်ဖြစ်အောင် လေ့ကျင့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တပ်တည်ဆောက်ရေးလုပ်ငန်း(၄)ရပ်နဲ့အညီ ဝိုင်းဝန်းတည်ဆောက်

ပြည်သူ့အကျိုးပြုဆောင်ရွက်ရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာလာအောင် စည်းရုံးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၁

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

ဒီကနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဆင်းတဲ့နေ့ပဲ ဖြစ်တယ်။ ရဲဘော်တို့ဟာ စစ်တက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ စာပေပညာ၊ စစ်ပညာတွေကို အောင်မြင်စွာ သင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်လို့ ဘဝအတွက် မှတ်တိုင်သစ်စိုက်ထူတဲ့ နေ့တစ်နေ့ဖြစ်တယ်။ အလားတူ တပ်မတော်ရဲ့ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရတော့မှာဖြစ်လို့ တပ်မတော်အတွက် အားသစ်လောင်းတဲ့ နေ့တစ်နေ့လည်းဖြစ်တယ်။ ဒီလို ထူးခြားတဲ့နေ့မှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက်မှာကြားလိုတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ✳



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၂ရက်)

သက်ရှည်ကျန်းမာရေး နေ့စဉ်ပုံမှန်လမ်းလျှောက်ပေး

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ရာ လူတိုင်းကျန်းမာစွာနေထိုင်နိုင်ရန် ခန္ဓာကိုယ်ကို ဖြည့်စွမ်းပေးနိုင်မည့် အစာအာဟာရများ လိုအပ်သကဲ့သို့ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းများလည်း ပုံမှန်ပြုလုပ်ပေးရန် လိုအပ်သည်။

ကျန်းမာခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့သည် အပြန်အလှန်အကြောင်းအကျိုးပြု ဆက်စပ်လျက်ရှိရာ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်လေ့ရှိသူများသည် သာမန်လူများထက် မောပန်းမှုခံနိုင်ရည်ရှိခြင်း၊ သက်လုံကောင်းမွန်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိသည့်အပြင် ခန္ဓာကိုယ်တွင်း သွေးလည်ပတ်မှုကိုလည်း ကောင်းမွန်စေသည်သာမက နှလုံးကြွက်သားများသည် ကိုယ်တွင်းရှိ ပိုလျှံသောအဆီများကို ဖယ်ရှားနိုင်စွမ်းရှိသည်။

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်း စသည်တို့ကို ဖြစ်ပွားတတ်သောကြောင့် ကျန်းမာသန်စွမ်းရန် နေ့စဉ်မှန်မှန်လမ်းလျှောက်ခြင်းကို လူတိုင်းအလေးထား ပြုလုပ်သင့်ပေ သည်။

လမ်းလျှောက်ခြင်းသည် ကုန်ကျစရိတ်သက်သာသော အားကစားနည်းဖြစ်သည်။ လမ်းလျှောက်ခြင်းကြောင့် သွေးတိုးမှုကျဆင်းစေခြင်း၊ စိတ်ကြည်လင်ခြင်း၊ အရိုးအဆစ်များ ကြံ့ခိုင်သန်စွမ်းစေခြင်း၊ ညောင်းညာကိုက်ခဲမှုပြေပျောက်စေခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကို ထိန်းညှိထားနိုင်ခြင်း၊ အစာကိုကြေလွယ်စေခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးလျင်မြန်စေခြင်း၊ နှစ်ခြိုက်စွာအိပ်ပျော်စေခြင်းနှင့် အဝလွန်သူများ ကိုယ်ရည်စစ်လာပြီး ပိန်သူများ ကျန်းမာဝဖြိုးစေခြင်းတို့ ဖြစ်စေနိုင်သည်။

လက်ရှိကာလသည် အေးမြသည့်ရာသီဥတုကို ခံစားနေကြရပြီဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံး ကျန်းမာရေးအတွက် နံနက်ခင်း လမ်းလျှောက်ခြင်းလှုပ်ရှားမှုကို မှန်မှန်ပြုလုပ်သင့်ပေသည်။ ရောဂါဖြစ်ပွားမှ ကုသခြင်းထက် ကြိုတင်ကာကွယ်မှု ပြုလုပ်ခြင်းသည် လူတိုင်း လိုက်နာဆောင်ရွက်သင့်သော ကျန်းမာရေးလေ့ကျင့်ခန်းဖြစ်သည်။

လူတိုင်းနေ့စဉ် ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်ကိုရရှိမည်ဖြစ်ပြီး စိတ်လက်ပျော်ရွှင်မှုကိုပါ ရရှိခံစားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ မိသားစုဘဝတစ်ခုလုံး ရောဂါဘယကင်းဝေး၍ သက်ရှည်ကျန်းမာစေရန် နေ့စဉ်ပုံမှန် လမ်းလျှောက်ကြရန်နှင့် လမ်းလျှောက်ခြင်းဖြင့် ကျန်းမာသော လူမှုဘဝနှင့်ပြည့်စုံ၍ နိုင်ငံတော်အတွက် ကာယ၊ ဉာဏစွမ်းအားများကိုပါ တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်ဖြစ်ရေး ပေါက်တောမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ပေါက်တော ဒီဇင်ဘာ ၁၁

ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်နှင့်ဝန်ထမ်းများသည် အောက်တိုဘာ ၂၈ရက် မွန်းလွဲ ၂နာရီက အမှတ်(၂)ရပ်ကွက်သို့ သွားရောက်ပြီး စံ(၅)ချက်နှင့်ပြည့်စုံသည့် ရပ်ကွက်စာကြည့်တိုက် ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဟောပြောဆွေးနွေးသည်။

ဆွေးနွေး

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ရပ်ကွက်ပြည်သူများက ရပ်ကွက်စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၂-၁၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၅)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တွဲဖက်အပြိုး** နေတိုး၊ မိုးမိုး၊ အိန္ဒြာကျော်ဇင်၊ မိုးယုစံ၊ (ဒါရိုက်တာ အောင်ဗပါဝါ)
- ၁၃:၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၄၉)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၂။ စားဖိုဆောင်ချစ်သူ
- ၆:၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၂၇)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူ့ရှင်တော်စတား
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှား ပစ်မှတ်များ** (အပိုင်း-၂၄)(ဇာတ်သိမ်းပိုင်း)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မကွေးမြို့ ပြည်တော်သာလမ်း(အရှေ့ထိပ်) ကတ္တရာအဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ထွန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စုပေါင်းလမ်းလျှောက်ပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ၂၀၀၉ခုနှစ် ဒီဇင်ဘာလ ပထမပတ် လူထုအားကစားလှုပ်ရှားမှု လမ်းလျှောက်ပွဲကို ဒီဇင်ဘာ၅ရက် နံနက် ၅နာရီက ကျင်းပသည်။

လေ့ကျင့်ခန်း

လမ်းလျှောက်ပွဲတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့ပေါ်(၆)ရပ်ကွက်မှ ပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀၀ကျော်တို့သည် တာချီလိတ်မြို့ ရှမ်းရိုးမကွင်းမှ မြို့မ အားကစားကွင်းသို့ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး **(အောက်ပုံ)** မြို့မအားကစားကွင်း၌ စုပေါင်းကိုယ်လက်အားကစားလေ့ကျင့်ခန်းများ လှုပ်ရှားလုပ်ဆောင်ကြသည်။ **(ဝ၁၆)**

ရှာငံမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရှာငံ ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းသည် မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၁ရက်က ရှာငံမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌသည် ကျေးရွာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်နေမှုနှင့် မိုင်တိုင် (၆၄/၄) လမ်းပြုပြင်ဖာထေးနေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြိုင်ကျေးရွာအုပ်စု သပြေချောင်ကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်နေမှု၊ ညောင်တုန်းကျေးရွာတောင်သူ ဦးတိုးပြည့်၏ ယာစပါးစံကွက်ရိတ်သိမ်းနေမှု၊ ထမင်းပေါင်း ကျေးရွာတွင် ကျေးလက် ဖွံ့ဖြိုးရေးအတွက် တံတားဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ဆောက်လုပ်ရန် ပင်းတယ၌ ဆွေးနွေး

ပင်းတယ ဒီဇင်ဘာ ၁၁

တောင်ကြီးခရိုင် ပင်းတယမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်၊ မြို့နယ်မှူး ဦးလှဆွေ၊ မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးစိုးသန်းနှင့် ဖွံ့ဖြိုးဘဏ်မန်နေဂျာ ဦးမြင့်စိုး၊ အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ အင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးထွေးတို့သည် နိုဝင်ဘာ ၂၇ရက် မွန်းလွဲ ၂ နာရီက ပင်းတယမြို့နယ် ကျုံးကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက် မြေနေရာ ရွေးချယ်သတ်မှတ်ရန် ကျေးရွာဥက္ကဋ္ဌ ဦးတူးနှင့် အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

အောင်စစ်သည်ဆုချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းနိုင်မင်းထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လေ့ကျင့်ရေး ထူးချွန်ဆုချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းဇော်လှိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာပေထူးချွန်(သိပ္ပံ)ဆုချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်(သိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းမျိုးအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❐ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ငွေးဦး၊ ဦးအောင်သောင်း၊ ဦးသောင်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဒေါက်တာကျော်မြင့်၊ ဒေါက်တာချမ်းငြိမ်းနှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းငွေ၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်ချုပ်

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စစ်တက္ကသိုလ်ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူသည်။

တပ်ရင်းများစစ်ဆေး

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။

ယင်းနောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စစ်တက္ကသိုလ်ကျောင်း ဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် ယင်းတို့၏ မိဘများအားတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေထူးချွန်(ကွန်ပျူတာသိပ္ပံ)ဆုချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်(ကွန်ပျူတာသိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းဇွဲရန်နိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဆင့်၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှငွေးဝင်း၊ တပ်မတော်စစ်ဆေးရေးနှင့်စာရင်းစစ်ချုပ်(ကြည်း၊ ရေ၊လေ) ဒုတိယဗိုလ်ချုပ်ကြီးမောင်ရှိန်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးကျော်ညွန့်၊ ဗိုလ်မှူးချုပ်သန်းစိုး၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးကြီးလှမြင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်သန်းငွေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၅၂)မှ အောင်စစ်သည် ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၃၂၈၁) ဗိုလ်လောင်းနိုင်မင်းထွန်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၂၂၈၉၄) ဗိုလ်လောင်းဇော်လှိုင်၊ စာပေထူးချွန်(သိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်း အမှတ်(၂၃၇၉၅) ဗိုလ်လောင်းမျိုးအောင်၊ စာပေထူးချွန်(ကွန်ပျူတာသိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၂၂၉၇၀) ဗိုလ်လောင်းဇွဲရန်နိုင်တို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်လောင်းတပ်ရင်းများအား မိန့်ခွန်းပြောကြားသည်။

မလေးရှားနိုင်ငံ၏ တိုင်းရင်းဆေးတင်ပို့ ရောင်းချမှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိရန် မျှော်မှန်း

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၁

မလေးရှားနိုင်ငံ၏ ဆေးဖက်ဝင်ပစ္စည်းများနှင့် တိုင်းရင်းဆေး တင်ပို့ရောင်းချမှုသည် ၂၀၀၅ခုနှစ်၌ အမေရိကန်ဒေါ်လာ ၈၄၂ သန်း ရရှိရာမှ ၂၀၁၀ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ ဘီလီယံသို့ ရောက်ရှိရန်မျှော်မှန်းထားကြောင်း မလေးရှား သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီး ဒေါက်ဂလပ်ယူဂတ် အင်ဘတ်စ်က ဒီဇင်ဘာ ၁၀ရက်၌ ပြောကြားသည်။

ပြသ

ကမ္ဘာလုံးဆိုင်ရာ ဆေးဖက်ဝင်ပစ္စည်းများနှင့် တိုင်းရင်းဆေးများ ကုန်သွယ်ရေးလုပ်ငန်းသည် ပိုမိုအလားအလာကောင်းလာသည်ကို စာရင်းဇယားများက ပြသလျက်ရှိကြောင်း ဝန်ကြီး ဒေါက်ဂလပ်ယူဂတ်က ပြောကြားသည်။

ပြောကြား

အနာဂတ်ကာလတွင် မလေးရှားနိုင်ငံသည် ယင်းလုပ်ငန်းမှ ဝင်ငွေများရရှိလာလိမ့်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

ဂရိနိုင်ငံ အေသင်မြို့ရှိ အနုပညာလက်ရာပြတိုက်၌ ဘီစီ-၅ရာစုခန့်က ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများကို ဒီဇင်ဘာ ၁၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကားထုတ်လုပ်

ပိုလန်နိုင်ငံ တိုင်ချီမြို့ရှိ မော်တော်ကားထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဒီဇင်ဘာ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်မောင်းသူမဲ့လေယာဉ် ဒုံးကျည်ဖြင့်ပစ်ခတ် ပါကစ္စတန်၌ အရပ်သားများသေဆုံး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အာဖဂန်နစ္စတန်နယ်စပ်ဒေသဖြစ်သည့် တောင်ဝါဇီရစ္စတန်ပြည်နယ် လက်ဒ်ဟာဒေသ၌ ဒီဇင်ဘာ ၁၀ရက် နံနက်ပိုင်းက အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်ဖြင့် နှစ်ကြိမ်ပစ်ခတ်ရာ ၁၀ဦး သေဆုံးကြောင်း လုံခြုံရေးတပ်ဖွဲ့နှင့် ကင်းထောက်တပ်ဖွဲ့တို့က သတင်းထုတ်ပြန်သည်။

အမေရိကန်တို့ ပစ်ခတ်မှုကြောင့် သေဆုံးသူများတွင် အရပ်သားခုနစ်ဦးနှင့် နိုင်ငံခြားသားသုံးဦး ပါဝင်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ဒဏ်ရာရရှိ

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အာဖဂန်နစ္စတန်သို့ အမေရိကန်တပ်ဖွဲ့ဝင် သုံးသောင်းကျော် ထပ်မံစေလွှတ်မည်ဟု ထုတ်ပြန်ကြေညာပြီးနောက် တောင်ဝါဇီရစ္စတန်ဒေသ၌ အမေရိကန်တို့၏ ဒုတိယအကြိမ် လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းနေ့၌ပင် မြောက်ဝါဇီရစ္စတန်ပြည်နယ်၌ အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်မှုထပ်မံဖြစ်ပွားရာ အရပ်သားသုံးဦးသေဆုံးပြီး သုံးဦးပြင်းထန်စွာ ဒဏ်ရာရရှိသည်။ **(အင်တာနက်)**

မူးယစ်ဆေးဝါးမှောင်ခိုမှု ပူးပေါင်းတိုက်ဖျက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ တိုက်တွန်း

ဂျီနီဗာ ဒီဇင်ဘာ ၁၁

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မူးယစ် ဆေးဝါးမှောင်ခိုရောင်းဝယ်မှုကို ပူးပေါင်း၍ အရှိန်မြှင့်တိုက်ဖျက် ကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာ ၈ရက်တွင် တိုက်တွန်းလိုက်သည်။

စိုးရိမ်ပူပန်

နယူးယောက်မြို့၌ ကျင်းပသော လုံခြုံရေးကောင်စီအစည်းအဝေးတွင် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုနှင့် စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများဖြစ်ရကြောင်း လုံခြုံရေးကောင်စီ၏ အလှည့်ကျသဘာပတိ ဖြစ်သူ ဘူကီနာဖာဆိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဘီနူမာအလင်ယိုဒါက အထက်ပါအတိုင်း ပြောကြားလိုက်သည်။

ပြောကြား

ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာနှင့် ဆက်နွယ်သည့် ပြစ်မှုများကိုတိုက်ဖျက်ရန် ကိုယ်စီတာဝန်ရှိသည့်အားလျော်စွာ နိုင်ငံတကာက လက်တွဲတိုက်ဖျက်ကြရန် ၎င်းက အလေးအနက်ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယသို့ ကျောက်မီးသွေးညို့ တင်ပို့ရေး သြစတြေးလျ ဖျက်သိမ်း

ကင်ဘာရာ ဒီဇင်ဘာ ၁၁

သြစတြေးလျနိုင်ငံ ဗိတိုရိယပြည်နယ် အစိုးရက အိန္ဒိယနိုင်ငံသို့ ကျောက်မီးသွေးညို့ တင်ပို့ရောင်းချရေးအစီအစဉ်များကို မစဉ်းစားတော့ဘဲ ဒီဇင်ဘာ ၁၀ ရက်က ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

ဖော်ပြ

မဲလ်ဘုန်းအခြေစိုက် အိပ်ဇာဂင်ကုမ္ပဏီက အိန္ဒိယနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင်အသုံးပြုသည့် ကျောက်မီးသွေးညို့များ ရောင်းချမည့်အစီအစဉ်ကို အောက်တိုဘာလထုတ် သည်အေ့ဂျ်သတင်းစာတွင် ဖော်ပြသည်။

ပယ်ဖျက်

သို့ရာတွင် ယခုအခါဗိတိုရိယပြည်နယ် စွမ်းအင်ဝန်ကြီး ပီတာဘက်ချ်လာက ယင်းအစီအစဉ်ကို ပယ်ဖျက်ထားကြောင်း သိရသည်။ **(အင်တာနက်)**

အာဂျင်တီးနားနှင့် ဗင်နီဇွဲလား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

ဗျူနိုစ်အေရိစ် ဒီဇင်ဘာ ၁၁

အာဂျင်တီးနားသမ္မတ ခရစ္စတီးနားဖာနန်ဒက်ဇ်နှင့် အလည်အပတ်ရောက်ရှိနေသော ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ၁၄ခုကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

မြှင့်တင်

အဆိုပါ သဘောတူစာချုပ်များ၌ လေကြောင်းပို့ဆောင်မှုမြှင့်တင်ရေး၊ မော်တော်ကားပိုမိုဝယ်ယူရေး၊ စက်မှုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်မှုတိုးမြှင့်ရေး၊ ရထား၊ သင်္ဘောသယ်ယူပို့ဆောင်မှုမြှင့်တင်ရေးတို့ ပါဝင်သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဆိုမာလီကမ်းလွန် အေဒင်ပင်လယ်ကွေ့၌ ပင်လယ်ဓားပြရန် အိန္ဒိယရေတပ် ကာကွယ်

မိုဂါဒစ်ရှူး ဒီဇင်ဘာ ၁၁

အိန္ဒိယရေတပ်သည် ဆိုမာလီကမ်းလွန် အေဒင်ပင်လယ်ကွေ့၌ ဒီဇင်ဘာ ၈ရက်က အမေရိကန်ပိုင် ရေနံတင်သင်္ဘောအား ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲရန် ကြိုးပမ်းမှုကို ကာကွယ်တားဆီးလိုက်ကြောင်း သတင်းရရှိသည်။

ဆိုမာလီပင်လယ်ဓားပြများသည် အမ်တီနောဒစ်စပိရစ်အမည်ရှိ အမေရိကန်ပုဂ္ဂလိကပိုင်ရေနံတင်သင်္ဘောပေါ်လိုက်ပါလာသည့် သင်္ဘောသားများအား လက်နက်ငယ်များဖြင့် ပစ်ခတ်ကာ ယင်းသင်္ဘောကို ပြန်ပေးဆွဲရန်ကြံစည်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။

ကယ်ဆယ်

ရေနံတင်သင်္ဘောပေါ်လိုက်ပါလာသည့် သင်္ဘောသားများအား ကယ်ဆယ်ရန် အကူအညီအက်စ်အိုအက်စ်အမှတ်အသားဖြင့် အနီးအနားရှိ အိန္ဒိယရေတပ်သင်္ဘောတစ်စင်းကို အရေးပေါ်အကူအညီတောင်းခဲ့သဖြင့် အိန္ဒိယရေတပ်က မရိန်းတပ်ကွန်မန်ဒိုအထူးတပ်ဖွဲ့ဝင်များတင်ဆောင်ထားသည့် ရဟတ်ယာဉ်များဖြင့် စေလွှတ်ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

ပင်လယ်ဓားပြများသည် အိန္ဒိယရေတပ်သင်္ဘောကိုမြင်သည်နှင့် ထွက်ပြေးသွားကြသည်ဟုလည်း သိရသည်။ (အင်တာနက်)

အေအိုင်ဒီအက်စ် တားဆီးနိုင်သည့် ဓာတုဆေးဒြပ်ပေါင်း ချက်သိပ္ပံ ပညာရှင်များတွေ့ရှိ

ပရာဟာ ဒီဇင်ဘာ ၁၁

လူ၏ ခန္ဓာကိုယ်အတွင်း အေအိုင်ဒီအက်စ်ရောဂါ ဗိုင်းရပ်စ်ပိုးပွားမှုကို တားဆီးနိုင်စွမ်းရှိသည့် ဓာတုဆေးဒြပ်ပေါင်းတစ်မျိုးကို တွေ့ရှိထားပြီဖြစ်ကြောင်း ချက်သုတေသနသိပ္ပံပညာရှင်များက ကြေညာသည်။

ရေးသားဖော်ပြ

အဆိုပါ တွေ့ရှိချက်ကို ချက်သိပ္ပံအကယ်ဒမီက ဒီဇင်ဘာ ၁၀ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ဓာတုဆေးဝါးသတင်းဂျာနယ်က ရေးသားဖော်ပြထားသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းဓာတုဆေးဒြပ်ပေါင်းတွင် ဘိုရွန်၊ ဟိုက်ဒရိုဂျင်၊ ကာဗွန်၊ ဘိုဘတ်ဒြပ်ပေါင်းများ ပါဝင်ကြောင်း ဖော်ပြထားသည်။ ယင်းဆေးဒြပ်ပေါင်းကို အေအိုင်ဒီအက်စ်ရောဂါကုသရာတွင် ဆေးအဖြစ်အသုံးပြုရန် သိပ္ပံပညာရှင်များက ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကွမ်ကျိုး ဘူတာရုံ

တရုတ်နိုင်ငံ ကွမ်တုံ ပြည်နယ် ကွမ်ကျိုးမြို့ရှိ ဘူတာရုံမှ ထွက်ခွာမည့် ကျည်ဆန်ရထားများကို ဒီဇင်ဘာ ၁၁ ရက်က တွေ့ရစဉ်။ (အင်တာနက်-ဓာတ်ပုံ)

12-12 (04).pmd 1 12/12/2009, 4:28 PM

ကြိုဆိုနှုတ်ဆက်

ဒီဇင်ဘာ ၁၁ရက်က ဂျပန်နိုင်ငံ ဘုရင်၏ မွေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Yasuaki NOGAWA ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒီဇင်ဘာ ၁၀ရက်က စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေအား ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alongkorn Ponlaboot ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာအားကစားအဖွဲ့ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ထပ်မံ ဆွတ်ခူးရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၁

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ မြန်မာ့လက်ရွေးစင်ဘီလီယက် အားကစားသမား ကျော်ဦးနှင့် အောင်ငွေးတို့က ယမန်နေ့ညက ကျင်းပသည့် နှစ်ယောက်တွဲ အင်္ဂလိပ်ဘီလီယက်ပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ်ဆွတ်ခူးပြီး ထိုင်းက ပထမနှင့် စင်ကာပူက တတိယရရှိခဲ့သည်။

<u>ပူးတွဲတတိယရရှိ</u>

ဆက်လက်၍ ယနေ့ကျင်းပသည့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ လိုက်ဝိတ်တန်း ၆၈-၇၄ကီလိုတန်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမား ဝဏ္ဏကိုကိုနှင့် အင်ဒိုနီးရှားအားကစားသမားတို့က ပူးတွဲတတိယရရှိကြပြီး ထိုင်းက ပထမနှင့် လာအိုက ဒုတိယရရှိသည်။ တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ ဘင်တန်ဝိတ်တန်း ၅၈-၆၃ကီလိုတန်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမား မျိုးမင်းသူနှင့် ဖိလစ်ပိုင်အားကစားသမားတို့က ပူးတွဲတတိယရရှိကြပြီး အင်ဒိုနီးရှားကပထမနှင့်ထိုင်းက ဒုတိယရရှိသည်။

ညနေပိုင်းတွင် ကျင်းပသည့် အလေးမပြိုင်ပွဲ ၆၉ကီလိုတန်းတွင် မြန်မာ့လက်ရွေးစင် အားကစားသမား ကျော်မိုးဝင်းက တတိယရရှိပြီး အင်ဒိုနီးရှားက ပထမနှင့် ထိုင်းက ဒုတိယရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ဗီယက်နမ်	၁၄	၁၀	၁၀	၃၄
ထိုင်း	၁၃	၂၀	၁၆	၄၉
စင်ကာပူ	၁၂	၆	၁၁	၂၉
အင်ဒိုနီးရှား	၁၁	၇	၁၄	၃၂
မလေးရှား	၈	၈	၁၇	၃၃
ဖိလစ်ပိုင်	၆	၁၀	၇	၂၃
လာအို	၄	၃	၁၁	၁၈
မြန်မာ	၂	၄	၇	၁၃
ကမ္ဘောဒီးယား	၁	၃	၄	၈
ဘရူနိုင်း	၀	၀	၃	၃
တီမောလက်စတေ	၀	၀	၁	၁

ဘီလီယက်ပြိုင်ပွဲ ငွေတံဆိပ်ရ

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နှစ်ယောက်တွဲ အင်္ဂလိပ် ဘီလီယက်ပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ်ရရှိသည့် မြန်မာ့လက်ရွေးစင် ဘီလီယက်အားကစားသမား ကျော်ဦး(ဝဲ)နှင့် အောင်ငွေး။

(အား/ကာဦးစီးဌာန)

အကျိုးရှိမယ့်စာပေတွေ ဆက်လက်ရေးသားသွားမယ်

အမျိုးသားစာပေ တစ်သက်တာဆုရ-ဒေါက်တာကျော်စိန်

ဒေသန္တရဗဟုသုတတွေ ပြည်သူတွေသိစေချင်တယ်

စာပဒေသာဆုရ-ယိမ်းနွဲ့ပါး

တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေကို သိရှိစေဖို့ ရည်ရွယ်

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ-မြတ်ဝေတိုး(ပညာရေး)

အမေး/အရေး-မောင်မောင်မြင့်ဆွေ(ဝင်းကျော်) ဓာတ်ပုံ-ကျော်မြင့်သန်း(လမ်းမတော်)၊ အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု-မြင့်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာ့စာပေလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေကိုမြတ်နိုးကာ ပြည်သူများအား အသိပညာမြင့်မားစေရန် အပတ်တကုတ် ရေးသားပြုစုခဲ့ကြသော မြန်မာ့စာပေပညာရှင်ကြီးများအား နိုင်ငံတော်က နှစ်စဉ် အမျိုးသားစာပေဆုများ ရွေးချယ် ချီးမြှင့်ပေးလျက်ရှိသည်။

၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသော စာပေပညာရှင်များအား သတင်းထုတ်ပြန်ခဲ့ပြီဖြစ်ရာ အမျိုးသားစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်အချို့အား မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

<u>တစ်သက်တာဆု</u>

၂၀၀၈ခုနှစ်အတွက် **အမျိုးသားစာပေတစ်သက်တာဆု** ရွေးချယ်ချီးမြှင့်ခံရသည့် စာရေးဆရာကြီး ဒေါက်တာကျော်စိန်၏ နေအိမ်သို့ သွားရောက်မေးမြန်းရာ "ရုပ်မြင်သံကြားသတင်းမှာ နားထောင်ပြီးမှ သိရတယ်။ တကယ့်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ မျှော်လင့်မထားပါဘူး။ စိတ်ပညာနဲ့ ပတ်သက်တဲ့ စာအုပ်စာပေတွေ အရေးများခဲ့တာကလည်း စိတ်ပညာအဓိက ဘာသာယူခဲ့ပြီး လေ့လာမှုလည်း အဆက်မပြတ်ခဲ့လို့ပါပဲ။ စာပေကို မြတ်နိုးတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ စိတ်ပါဝင်စားမှုရှိတဲ့ အကြောင်းအရာ၊ မိမိရဲ့ စာဖတ်ပရိသတ်အကျိုးရှိမယ့် အကြောင်းအရာတွေကို တစိုက်မတ်မတ် ရေးသွားကြဖို့လိုပါတယ်။ ဘာဘအနေနဲ့ကတော့ အကျိုးရှိမယ့် စာပေတွေ ဆက်လက်ရေးသားသွားမှာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

စာရေးဆရာကြီး ဒေါက်တာကျော်စိန်ကို ပဲခူးမြို့တွင် အဖဦးစိန်ခိုင်၊ အမိ ဒေါ်သက်စုတို့က ၁၉၃၂ခုနှစ်၌ မွေးဖွားခဲ့ရာ ယခုအခါ အသက် ၇၇နှစ်ရှိပြီဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့၊ နယူးယောက်မြို့ ကိုလံဘီယာတက္ကသိုလ်မှ ပါရဂူဘွဲ့များရရှိခဲ့သည်။ ရန်ကုန် တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ပါမောက္ခချုပ်၊ ၁၉၈၈ခုနှစ်၌ ပညာရေး ဝန်ကြီးအဖြစ် အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ စာအုပ်ပေါင်း ၂၅အုပ်ခန့်နှင့် ဆောင်းပါးပေါင်းများစွာ ရေးသားထုတ်ဝေခဲ့ပြီး လက်ရှိအချိန်၌ မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကတာဝန်ထမ်းဆောင်လျက်ရှိသည်။ အမှတ် ၃၄ သီရိမင်္ဂလာလမ်း ကုန်းမြင့်ရိပ်သာ (၇)မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၌နေထိုင်ကာ စာပေများ ရေးသားလျက်ရှိသည်။

"ဆုရလိမ့်မယ်လို့ မျှော်လင့်မထားပါဘူး၊ ဝမ်းသာပီတိဖြစ်ရပါတယ်" ဒေါက်တာကျော်စိန်။

<u>စာပဒေသာဆု</u>

ထို့နောက် **ခါကာဘိုခရီးသည်** စာအုပ်ဖြင့် စာပဒေသာဘာသာရပ်၌ အမျိုးသားစာပေဆုရရှိသူ စာရေးဆရာကြီး ယိမ်းနွဲ့ပါး နေထိုင်သော အမှတ် ၁၅ ပါရမီရိပ်သာ ရန်ကင်းမြို့နယ် ရန်ကုန်သို့ မြန်မာ့အလင်းသတင်းအဖွဲ့ရောက်ရှိပြီး စာရေးဆရာကြီး ယိမ်းနွဲ့ပါးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီစာအုပ်ကိုရေးဖြစ်ခဲ့တာကတော့ မြန်မာနိုင်ငံမြောက်ပိုင်း နယ်ခြားဒေသမှာ လွတ်လပ်ရေးရပြီးစအချိန် တာဝန်ထမ်းဆောင်ခဲ့စဉ်က အတွေ့အကြုံကိုအခြေခံပြီး ရေးသားခဲ့တာပါ။ မဟေသီမဂ္ဂဇင်းမှာ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၂၀၀၇ခုနှစ် မတ်လအထိ လေးနှစ်ဆက်တိုက် အခန်းဆက်ဆောင်းပါးရှည်ရေးခဲ့တာကို စာအုပ်အဖြစ်ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ အဲဒီဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေ၊ ဒေသန္တရဗဟုသုတတွေအကြောင်း ပြည်သူတွေ သိရှိစေချင်တဲ့ ဆန္ဒနဲ့ ရေးခဲ့ခြင်းပါပဲ။ နောက်တစ်ချက်က နိုင်ငံခြားစာရေးဆရာတွေကတောင် မြန်မာနိုင်ငံအကြောင်း ရေးသားနိုင်ရင် သွားလာရေးခက်ခဲတဲ့ အဲဒီလိုနေရာမျိုးတွေအကြောင်း မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ရေးဖြစ်အောင်ရေးမယ်။ လူငယ်တွေလည်း ဒီစာအုပ်ဖတ်ပြီး အဲဒီလို စိတ်ဓာတ်မျိုးဖြစ်ပေါ်စေချင်လို့ ရေးသားခြင်းဖြစ်ပါတယ်"ဟု စာရေးဆရာကြီး ယိမ်းနွဲ့ပါးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ဒေသန္တရအကြောင်း၊ တိုင်းရင်းသားတွေရဲ့ အကြောင်းတွေ သိစေချင်လို့ပါ" စာရေးဆရာကြီး ယိမ်းနွဲ့ပါး။

"အတွေးအခေါ်တိုးတက်မြင့်မားဖို့၊ အကျင့်စာရိတ္တပြုပြင်နိုင်ဖို့အတွက် ရည်ရွယ်တာပါ" ကြူကြူသင်း။

စာရေးဆရာကြီး ယိမ်းနွဲ့ပါးမှာ မှူးသမိန်ကလောင်အမည်ဖြင့်လည်း စာပေများ ရေးသားနေသူဖြစ်သည်။ စစ်ကိုင်းမြို့ ဗညားရပ်၌ ၁၉၂၂ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်၌ အဖဦးသာဝင်း၊ အမိဒေါ်ဒေါ်မှီတို့က မွေးဖွားခဲ့ရာ အသက် ၈၇နှစ်ရှိပြီဖြစ်သည်။ တပ်မတော်တွင် ဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၂ ခုနှစ်၌ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ လူမှုဝန်ထမ်းဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ခုနှစ်၌ အမျိုးသားစာပေ (နိုင်ငံရေးစာပေ)ဆုကို **ဘုံဘဝကြုံတွေ့ရဓာတ်လမ်းများ** စာအုပ်ဖြင့် ရရှိခဲ့ပြီး လက်ရှိအချိန်၌ မဟေသီမဂ္ဂဇင်းအယ်ဒီတာချုပ်တာဝန် ထမ်းဆောင်ကာ မှူးသမိန်၊ မိုးမြင့်အောင် ကလောင်အမည်များဖြင့် စာပေများ ရေးသားလျက်ရှိသည်။

"တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ကို သိရှိစေဖို့ ရေးသားခဲ့ခြင်း ဖြစ်ပါတယ်" မြတ်ဝေတိုး(ပညာရေး)။

<u>ဝတ္ထုတိုပေါင်းချုပ်ဆု</u>

တစ်ဖန် ဝတ္ထုတိုပေါင်းချုပ်ဘာသာရပ်၌ **သိင်္ဂါရရသ ဝတ္ထုတိုများ** စာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သူ စာရေးဆရာမကြူကြူသင်းနှင့် ဆက်လက်တွေ့ဆုံမေးမြန်းရာ "ဒီစာအုပ်မှာ ဝတ္ထုတိုပေါင်း ၁၅ပုဒ်ပါဝင်တယ်။ ချစ်ခြင်းဖွဲ့မေတ္တာ၊ လူ့စရိုက် လူ့သဘာဝဖော်ပြတဲ့ ဝတ္ထုတွေနဲ့ ဘဝသရုပ်ဖော်ဝတ္ထုတွေ ပါဝင်တယ်။ ဒီဝတ္ထုလေးတွေ ရေးဖြစ်တာကတော့ လောကမှာပျော်အောင်နေတတ်ဖို့၊ လူတွေမှာစရိုက်အမျိုးမျိုးရှိတတ်ပုံနဲ့ အတွေးအခေါ်မြင့်မားဖို့၊ အကျင့်စာရိတ္တပြုပြင်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ရေးခဲ့တာပါ။ အခုလို အမျိုးသားစာပေဆုရရှိတော့ စာပေအကျိုး၊ လောကအကျိုးကို ဒီထက်ပိုပြီးအားထုတ်ဖို့ လိုအပ်ကြောင်း အသိတရားရရှိလာတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

စာရေးဆရာမ ကြူကြူသင်း၏ နာမည်ရင်းမှာ ဒေါ်ခင်သန်းဝင်းဖြစ်သည်။ ဝါးခယ်မမြို့၌ အဖဦးစိန်မောင်၊ အမိ ဒေါ်ခင်ရီတို့မှ ၁၉၄၂ခုနှစ်၌ မွေးဖွားခဲ့သည်။ ၁၉၅၇ခုနှစ်မှ စတင်ကာ တိုင်းရင်းမေဂျာနယ်တွင် ကဗျာများ စတင်ရေးသားခဲ့သည်။ ၁၉၆၄ခုနှစ်၌ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး လုံးချင်းဝတ္ထု ၁၁အုပ်၊ ဝတ္ထုတိုပေါင်းချုပ် ရှစ်အုပ်၊ ကဗျာပေါင်းချုပ်တစ်အုပ်၊ ပြဇာတ်ပေါင်းချုပ် နှစ်အုပ်နှင့်ဆောင်းပါးပေါင်းချုပ်တစ်အုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ စာရေးဆရာမကြူကြူသင်းသည် ၁၉၈၁ ခုနှစ်၌ **စံပယ်တစ်ကုံး ဂမုန်းတစ်ပွင့်** ဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၃ ခုနှစ်၌ **ရွှေတံခါးကြီးဖွင့်ပါဦးနှင့် အခြားပြဇာတ်များ** စာအုပ်တို့ဖြင့် အမျိုးသားစာပေဆုများရရှိခဲ့ပြီးဖြစ်ရာ ယခုဆုသည် တတိယမြောက် အမျိုးသားစာပေဆုပင်ဖြစ်သည်။

တစ်ဖန် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဘာသာရပ်တွင် **လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့** စာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိသူ ဆရာ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)အား ဆက်လက်တွေ့ဆုံ မေးမြန်းရာ "အမျိုးသားစာပေဆုကို ပထမဆုံးအကြိမ်ရရှိခြင်းမို့ ဖော်မပြနိုင်အောင် ဝမ်းသာရပါတယ်။ ဒီစာအုပ်ကို ကွင်းဆင်းပြီးလေ့လာရေးသားခဲ့တာပါ။ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ကို သိရှိစေဖို့၊ တိုင်းရင်းသားအချင်းချင်း တစ်ဦးအကြောင်းတစ်ဦးသိရှိပြီး ဆက်ဆံရေးနဲ့ တိုင်းရင်းသားစည်းလုံးရေး ပိုမိုဖြစ်ထွန်းစေဖို့အတွက် ရည်ရွယ်ပြီး ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံကို အခုလို စာပေနဲ့ ဖြန့်ဝေပေးနိုင်တာမို့ ဂုဏ်ယူစိတ် ဖြစ်ရပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

စာရေးဆရာမြတ်ဝေတိုး (ပညာရေး)သည် တိုင်းရင်းသားများနှင့် ပတ်သက်သည့် စာအုပ်လေးအုပ်ထုတ်ဝေခဲ့ပြီး လက်ရှိတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၌ လက်ထောက်မြို့နယ်ပညာရေးမှူးတာဝန်ကို ထမ်းဆောင်ကာ စာပေများ ရေးသားလျက်ရှိသည့်အပြင် လှိုင်သာယာမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်နေသူဖြစ်သည်။ ။

(မြန်မာ့အလင်း)

ဘင်းမ်စတက်ခ်နိုင်ငံများအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးသည် ဒေသတစ်ခုလုံး၏စီးပွားရေးဖွံ့ဖြိုးမှုကိုဖော်ဆောင် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်ဖော်ဆောင်ရန် ဆောင်ရွက်သည့်လုပ်ငန်းစဉ်များကို အပြည့်အဝထောက်ခံ

အဖွဲ့ဝင်နိုင်ငံများ၏ မျှော်မှန်းချက်များအောင်မြင်ရေးအတွက် အတူတကွ ပူးပေါင်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ခ်အဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် **Mingalar Palace** ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ခ်အဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်ခ်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Dipu Moni၊ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Lyonpo Ugyen Tshering၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. S. M. Krishna၊ နီပေါ ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Ms. Sujata Koirala၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Rohitha Bogollagama၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kasit Piromya၊ ဘင်းမ်စတက်ခ် အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်းမ်စတက်ခ် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ မြန်မာနိုင်ငံကိုလာရောက်သည့် အဆွေတော်တို့၏ ခရီးစဉ်သည် အချိန်တိုတောင်းသော်လည်း နေပြည်တော်မှာ ကျင်းပသည့် ဘင်းမ်စတက်ခ် ဝန်ကြီးအဆင့် အစည်းအဝေးမှ အောင်မြင်အကျိုးရှိသည့် ရလဒ်များ ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အခွင့်သာခိုက်

ဘင်းမ်စတက်ခ်အဖွဲ့တွင် အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး မရှိသေးခင်စပ်ကြား အတွင်းရေးမှူးချုပ်ရုံး လုပ်ငန်းများကို ယာယီအားဖြင့် တာဝန်ခံဆောင်ရွက်ပေးနေသည့် ထိုင်းနိုင်ငံအစိုးရကို ကျေးဇူးတင်ရှိကြောင်း အခွင့်သာခိုက် ပြောကြားလိုကြောင်း။

ပြီးခဲ့သည့် ၂၀၀၈ခုနှစ် ထိပ်သီးအစည်းအဝေးတွင် မိမိတို့အကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ၁၃ခု ရှိကြောင်း၊ ယခုနှစ်တွင် ရာသီဥတုပြောင်းလဲမှုကဏ္ဍကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက တာဝန်ယူပြီး ဦးဆောင်ဆွေးနွေးမည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်မှုသည် ကဏ္ဍ ၁၄ခုအထိ တိုးချဲ့ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုကဲ့သို့ အရေးပါသော ဘာသာရပ်အပေါ် တိုးချဲ့ပြီး ဆွေးနွေးနိုင်သည်ကို ကြိုဆိုပါကြောင်း။

အပြန်အလှန် အမှီသဟဲပြုကြပြီး အပြိုင်အဆိုင်ရှိနေသည့် ကမ္ဘာကြီး၌ မိမိတို့နေထိုင်လျက်ရှိကြောင်း၊ ကမ္ဘာ့အဝန်း လွှမ်းခြုံဖြစ်ပေါ်မှုဖြစ်စဉ်သည် အခွင့်အလမ်းများ ဖန်တီးပေးနေသကဲ့သို့ တစ်ဖက်ကလည်း စိန်ခေါ်မှုများကိုပါ ဖြစ်ပေါ်ဖန်တီးလျက်ရှိကြောင်း၊ ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ ပေါင်းစည်းမှုများသည် ကမ္ဘာ့အဝန်း လွှမ်းခြုံဖြစ်ပေါ်မှု၊ ပေါင်းစည်းမှုဖြစ်စဉ်နှင့် သဟဇာတဖြစ်သည့် အခြေခံအစိတ်အပိုင်းတစ်ရပ်ပင် ဖြစ်ကြောင်း။

ဘင်းမ်စတက်ခ်အဖွဲ့ကြီးကို ရည်ရွယ်ချက်မြင့်မားစွာဖြင့် ၁၉၉၇ခုနှစ်တွင် စတင်ထူထောင်ခဲ့ကြကြောင်း၊ နိုင်ငံတကာစိတ်ဝင်စားမှုနှင့် အသိအမှတ်ပြုမှုကိုလည်း ရရှိထားပြီးဖြစ်ကြောင်း၊ အဖွဲ့ကြီး၏ သက်တမ်းသည် နုနယ်သေးသော်လည်း ပူးပေါင်းဆောင်ရွက်မှုများသည် တိုးတက်မှုအရှိန်အဟုန် စတင်ရရှိနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ တိုးတက်မှုအရှိန်အဟုန်များကို ရပ်တန့်မသွားစေဘဲ အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အပြန်အလှန်အထောက်အကူပြု

ဘင်းမ်စတက်ခ်သည် တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသအကြား အရေးပါသည့် ပေါင်းကူးဖြစ်ပြီး နိုင်ငံများအချင်းချင်း အပြန်အလှန်အထောက်အကူပြုမှု အများအပြားရှိသည့် ဒေသပင်ဖြစ်ကြောင်း၊ မိမိတို့အကြား ရှိထားပြီးဖြစ်သည့် ခိုင်မာသော စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း ယှက်နွယ်မှုများသည် အစိုးရချင်းသာမက ပြည်သူလူထုအချင်းချင်းကို ပိုမိုထိတွေ့ စည်းလုံးမှုဖြစ်ပေါ်စေလျက်ရှိကြောင်း။

အဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေသည် စုစုပေါင်း ၁ဒသမ၃ဘီလီယံရှိပြီး သယံဇာတနှင့် လူသားအရင်းအမြစ်ကြွယ်ဝသည့် ယင်းအဖွဲ့အစည်းကြီးသည် ဒေသအတွက် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရန် အထူးလိုအပ်ကြောင်း၊ အချင်းချင်း အပြန်အလှန် ယုံကြည်ကိုးစားမှု၊ ညှိနှိုင်းတိုင်ပင်မှုနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများက တစ်ဆင့် ဒေသ၏သာယာဝပြောမှုနှင့် ဖွံ့ဖြိုးမှုများအတွက် ရေရှည်မျှော်မှန်းချက်ကို ပြည့်မြောက် အောင်မြင်စေအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ခ်အဖွဲ့ကြီးနှင့် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးစွမ်းအားသည် အနာဂတ်တွင် ကမ္ဘာ့နိုင်ငံများအကြား ပိုမိုအရေးပါသည့် အခန်းကဏ္ဍကို ရောက်ရှိလာလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ကိုင်တွယ်ဖြေရှင်း

ယနေ့ဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးအကျပ်အတည်းနှင့် အကြမ်းဖက်ပြဿနာများ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ အစားအစာနှင့် စွမ်းအင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရရှိပြီးဖြစ်သည့် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်အပါအဝင် လူမှုစီးပွားရေး ဖွံ့ဖြိုးမှုများကို ခြိမ်းခြောက်နေကြောင်း၊ ယင်းကဲ့သို့ ခြိမ်းခြောက်မှုပြဿနာများကို မည်သည့်နိုင်ငံကမျှ တစ်နိုင်ငံတည်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း။

မိမိတို့ ရင်ဆိုင်ဖြေရှင်းရမည့် ယင်းစိန်ခေါ်မှုများသည် များပြားရှုပ်ထွေးလှပြီး တစ်နိုင်ငံချင်းစီအနေဖြင့် အားထုတ်ဖြေရှင်းရန် အခြေအနေပေးမည် မဟုတ်တော့သည့်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဖြေရှင်းမှုများဖြင့်သော ဖြေရှင်းကြရမည့် အချိန်အခါကို ကျရောက်လာနေပြီဟု ဆိုရမည်ဖြစ်ကြောင်း။

ယနေ့ မိမိတို့ကမ္ဘာကြီးသည် (၂၁)ရာစုကို ဖြတ်သန်းနေချိန်၌ အဓိကရင်ဆိုင်မှုကြီး (၆)ရပ်ကို ရင်ဆိုင်နေကြရကြောင်း-

(၁) ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု၊
(၂) ကမ္ဘာ့ငွေရေးကြေးရေးနှင့် စီးပွားရေး အကျပ်အတည်း၊
(၃) ကမ္ဘာတွင်ကြုံတွေ့ရဖွယ်ရှိသည့် စွမ်းအင်အခက်အခဲ၊
(၄) ကမ္ဘာတွင်ကြုံတွေ့ရဖွယ်ရှိသည့် စားနပ်ရိက္ခာပြတ်လပ်မှု၊
(၅) ကမ္ဘာကြီးတွင်ဆင်းရဲနွမ်းပါးသူဦးရေ တစ်နေ့တခြား တိုးပွားလာနေမှု၊
(၆) လူမျိုးရေး၊ ဘာသာရေး၊ ဝါဒရေးရာများကြောင့် ဖြစ်ပေါ်နေသည့် အကြမ်းဖက် ပြစ်မှုကျူးလွန်မှုပြဿနာများပင် ဖြစ်ကြောင်း။

နိုင်ငံအားလုံး ကြီးငယ်မဟူ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်နေကြရကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုပမာဏ၏ အရှိန်အဟုန်ကို ပိုမိုနားလည်လာကြပြီဖြစ်၍ ယင်းပြဿနာကို အပူတပြင်းအဖြေရှာ ဖြေရှင်းကြရန် ကြိုးစားနေရကြောင်း၊ မျှော်မှန်း မှန်းဆရန်ခက်ခဲသော ရာသီဥတုဖောက်ပြန်မှုများသည် မိမိတို့နေထိုင်ရာဒေသတစ်ခုလုံးကို တိုက်ရိုက်ထိခိုက်နေသည့် ဖြစ်ရပ်များ၊ သာဓကများကို ကြုံတွေ့ခဲ့ကြပြီးဖြစ်ကြောင်း၊ အထူးသဖြင့် လယ်ယာနှင့်သားငါးကဏ္ဍတွင်ရှိသည့် ပြည်သူများကို တိုက်ရိုက်ထိခိုက်စေကြောင်း၊ ဘင်းမ်စတက်ခ် ရာသီဥတုဆိုင်ရာ ဗဟိုဌာန တည်ထောင်ခြင်းဖြင့် မိမိတို့အချင်းချင်း ယင်းကဏ္ဍများတွင် သတင်းအချက်အလက်များ ဖလှယ်နိုင်ကြမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ ရာသီဥတုအချက်အလက်ဘဏ် ထူထောင်ခြင်းသည် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့ အဖွဲ့ဝင်နိုင်ငံများအကြား ရာသီဥတုဆိုင်ရာ အရေးကြီးသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေလာနိုင်သည်နှင့်အမျှ ဘေးအန္တရာယ်များကို လျှော့ချလာနိုင်မည်ဖြစ်ကြောင်း။

ညှိနှိုင်းအဖြေရှာ

ကမ္ဘာ့ငွေကြေး အကျပ်အတည်းပြဿနာသည် ဖွံ့ဖြိုးပြီးနိုင်ငံများက စတင်၍ ဖြစ်သော်လည်း ကျန်ဖွံ့ဖြိုးဆဲနိုင်ငံများကပါ ယင်း၏ အကျိုးဆက်ဒဏ်ကို ခံနေကြရကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒ (Protectionism) ကို မကျင့်သုံးကြရန်နှင့် ယင်းတို့၏ စီးပွားရေး ပြန်လည်တည့်မတ်လာရန် ထောက်ကူမှုပြုကြရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွား မထိခိုက်ရန်လိုကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး မိမိတို့ အဖွဲ့ဝင်နိုင်ငံများအကြား စိတ်တူကိုယ်တူ ရင်ဆိုင်ညှိနှိုင်း အဖြေရှာ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့အားလုံး စွမ်းအင်ဖူလုံရေးအတွက် ရေနံကို မှီခိုအားထားနေကြရဆဲဖြစ်ကြောင်း၊ ရေနံဈေးနှုန်းသည် မတည်ငြိမ်သည့် သဘာဝရှိနေ၍ မိမိတို့၏ စီးပွားရေးကို အနည်းနှင့်အများ သက်ရောက်စေကြောင်း၊ အစားထိုးစွမ်းအင်ဖြစ်သည့် နေစွမ်းအင်၊ လေစွမ်းအင်နှင့် ဇီဝလောင်စာများကိုဖော်ထုတ်နိုင်ရန် အရေးကြီးကြောင်း၊ ဘင်းမ်စတက်ခ် စွမ်းအင်ဗဟိုဌာနကို တည်ထောင်သည့်ကိစ္စသည် မိမိတို့အနေဖြင့် စွမ်းအင်အရင်းအမြစ်သစ်များနှင့် အခြားဖြည့်တင်းနိုင်သောစွမ်းအင်များကို ဖော်ထုတ်ရာ၌ ပူးပေါင်းဆောင်ရွက်ရန်အတွက် အချိန်အခါသင့်ဖြစ်ကြောင်း၊ ဘင်းမ်စတက်ခ် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ အားလုံးကို ဘင်းမ်စတက်ခ် စွမ်းအင်ဝန်ကြီးများ ညီလာခံက ချမှတ်ခဲ့သော လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ခံမှုပေးကြစေလိုကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်သည် လူသားအားလုံး၏ အခြေခံအကျဆုံး အခွင့်အရေးဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးမှုသည် မိမိတို့ ဒေသအတွင်းရှိ နိုင်ငံများတွင်သာမက ကမ္ဘာ့နေရာ အနှံ့အပြားတွင်ပါ ရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးသည် ဒေသတွင်းရှိ နိုင်ငံအားလုံး၏ အဓိက

စာမျက်နှာ ၇ ကော်လံ ၁

12-12 (06).pmd 1 12/12/2009, 4:28 PM

စာမျက်နှာ ၆ မှ

ဦးစားပေး လုပ်ကိုင်ဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် စက်မှုလက်မှုဖွံ့ဖြိုးရေးများကို နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်လာနေကြကြောင်း၊ လူသားအားလုံးအတွက် အဓိကအခြေခံလိုအပ်ချက်သည် စားနပ်ရိက္ခာအတွက် စိုက်ပျိုးရေးအခြေခံထွက်ကုန်များဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်အောင် မဆောင်ရွက်နိုင်လျှင် ယနေ့တိုးတက်လာနေသည့် လူဦးရေကြောင့် ပြည်သူအများစုသည် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် တွေ့ကြုံရနိုင်သည့် အလားအလာရှိနေကြောင်း၊ ထို့ကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုမရှိအောင် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးမြှင့် ထုတ်လုပ်ရေးနှင့် လူဦးရေထိန်းချုပ်မှုကို သဟဇာတဖြစ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အရှိန်မြှင့်ဆောင်ရွက်

အကြမ်းဖက်မှုသည် ကမ္ဘာတစ်ဝန်းတွင် နေ့စဉ် ရင်ဆိုင်တွေ့ကြုံနေရသည့် စိုးရိမ်ရသော ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှုကို တိုက်ရိုက်ခြိမ်းခြောက်ကြောင်း၊ ထို့အပြင် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် နီးနီးစပ်စပ်ယှက်နွယ်နေကြောင်း၊ ဘင်းမ်စတက်ခ် နိုင်ငံတကာအကြမ်းဖက်မှု၊ ဂိုဏ်းဖွဲ့ရာဇဝတ်မှုနှင့် တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းကို မြန်ဆန်စွာ ထောက်ခံကြခြင်းသည် မိမိတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို တိုက်ဖျက်လျက်ရှိပြီး တစ်ဖက်တွင်လည်း ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးများကို အရှိန်မြှင့်ဆောင်ရွက်နေကြောင်း။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကဏ္ဍများတွင် သက်ဆိုင်ရာ ဘင်းမ်စတက်ခ်ဝန်ကြီးများအဆင့် တွေ့ဆုံဆွေးနွေးကြရန် အစီအစဉ်များ ပြုလုပ်ထားကြကြောင်း၊ ယင်းကဏ္ဍများအားလုံးသည် မျက်မှောက်ကာလ၌ နိုင်ငံအားလုံးက ဦးစားပေး ဆောင်ရွက်နေကြရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ စီစဉ်ထားသည့်အတိုင်း ဖြစ်မြောက်စေရေးအတွက် ကြိုးစားကြစေလိုကြောင်း။

ဘင်းမ်စတက်ခ်အဖွဲ့ဝင် နိုင်ငံများအကြားတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးသည် ဒေသကြီးတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် သာယာဝပြောမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘင်းမ်စတက်ခ် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက် ဖော်ဆောင်ရန် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို အပြည့်အဝ ထောက်ခံကြိုဆိုပြီး အားသွန်ခွန်စိုက်ကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။

အရေးပါသည့် ခြေလှမ်းတစ်ရပ်

ပြည်သူများအကြား ဆက်သွယ်ဆောင်ရွက်မှုသည် အပြန်အလှန် နားလည်မှု၊ ရင်းနှီးချစ်ခင်မှု၊ စည်းလုံးညီညွတ်မှုများကို အထောက်အကူများစွာပြုကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး အိန္ဒိယနိုင်ငံက ဘင်းမ်စတက်ခ် မူဝါဒဆိုင်ရာ အသိပညာရှင်အဖွဲ့ကွန်ရက် ထူထောင်ရန် ကြေညာခဲ့ခြင်းကို ကြိုဆိုကြောင်း၊ ဘူတန်နိုင်ငံ၌ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ လေ့လာရေးဌာန တည်ထောင်ရေးသည် ဒေသ၏ကြွယ်ဝလှသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာက ပိုမိုသိရှိလာရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ဘင်းမ်စတက်ခ်ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကစိတ်ဝင်စားမှု တိုးမြှင့်လာမှုသည် ဒေသ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း။

ဘင်းမ်စတက်ခ် နိုင်ငံတကာအကြမ်းဖက်မှု၊ ဂိုဏ်းဖွဲ့ရာဇဝတ်မှုနှင့် တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအပါအဝင် ဘင်းမ်စတက်ခ် စွမ်းအင်ဗဟိုဌာန တည်ထောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်၊ ဘင်းမ်စတက်ခ် ရာသီဥတုဗဟိုဌာန တည်ထောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်နှင့် ဘင်းမ်စတက်ခ် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကော်မရှင်နှင့်လေ့လာရေးဌာန တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်တို့ကို ပြီးခဲ့သည့်နှစ်က အပြီးသတ်အတည်ပြုနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လိုအပ်သည့် ပြည်တွင်းလုပ်ငန်းစဉ်များကို ယခုအခါ ဆောင်ရွက်နေကြကြောင်း၊ အားလုံးပါဝင်လက်မှတ်ရေးထိုးနိုင်စေရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. S. M. Krishna ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ခ်အဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. S. M. Krishna ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၄နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. S. M. Krishna ဦးဆောင်သောအဖွဲ့နှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ထပ်လောင်းအတည်ပြု

အဖွဲ့ဝင်နိုင်ငံများအကြားတွင် နားလည်မှုမြှင့်တင်ရန်၊ ယုံကြည်မှုတိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဘင်းမ်စတက်ခ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘင်းမ်စတက်ခ်အဖွဲ့ကြီး၏ ရည်မှန်းချက်များနှင့် တာဝန်ဝတ္တရားများအပေါ် အပြည့်အဝ ယုံကြည်သက်ဝင်သည့်အတွက် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ခ်အဖွဲ့ကြီးအပေါ်ထားရှိသည့် ယင်း၏ တာဝန်ဝတ္တရားများကို အပြည့်အဝဆောင်ရွက်ရန် ပိုင်းဖြတ်မှု သန္နိဋ္ဌာန်ရှိခြင်းကို ဤနေရာ၌ ထပ်လောင်း အတည်ပြုအပ်ကြောင်း၊ ဘင်းမ်စတက်ခ်အဖွဲ့ဝင်နိုင်ငံများ၏ မျှော်မှန်းချက်များ အောင်မြင်ရေးအတွက် မိမိတို့ အတူတကွ ပူးပေါင်းကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက်ခ် အဖွဲ့ကြီးအနေဖြင့် ယခုထက်ပို၍ အောင်မြင်မှုများရရှိနိုင်လိမ့်မည်လို့ ယုံကြည်ကြောင်း။

ဆုမွန်ကောင်းတောင်း

နိဂုံးချုပ်အနေနှင့် ယနေ့အစည်းအဝေးတွင် အဆွေတော်တို့၏ ဆွေးနွေးညှိနှိုင်းမှုများ အောင်မြင်စေရန်နှင့် မြန်မာနိုင်ငံ၌ နေထိုင်စဉ်အတွင်း အစစအရာရာ အဆင်ပြေချောမွေ့စေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘင်းမ်စတက်ခ် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ **မြတ်ဂုဏ်တော်သခင်** (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ အကပြိုင်ပွဲ
- ၈း၀၅ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ International News
- ၈း၃၅ ၁၀။ Crossroads Cafe (Episode-13) (Trading Places)

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၃၀ ၅။ Yan Can Cook
- ၁၂း၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း- ၅၃)
- ၁၃း၅၀ ၇။ မျက်စိအမြင် ရှင်သန်ရေး မျက်စိကျန်းမာရေးစောင့်ရှောက်ပေး
- ၁၄း၀၅ ၈။ အတီးပြိုင်ပွဲ
- ၁၄း၂၀ ၉။ **ဖွားချစ်ကတားမြစ်ထားသည်**
- ၁၄း၄၀ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄း၅၀ ၁၁။ International News
- ၁၅း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ အဆိုပြိုင်ပွဲ
- ၄း၄၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(စီးပွားရေးပညာ အထူးပြု)(စီးပွားရေးပညာ)
- ၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၅ ၇။ တေးဂီတအစီအစဉ်
- ၅း၃၅ ၈။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ **အလှရှာမယ်လှကမ္ဘာဝယ်**
- ၆း၄၀ ၁၂။ **ယဉ်တစ်ကိုယ်မယ်**
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **(မိုးမြေချစ်သူ)** (အပိုင်း-၂၉)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၆၇)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၁၉)
- ၁၉။ **ဂီတတံခါးလေးဖွင့်ပါဦး**

မုန်တိုင်းငယ် ဆက်လက်ရွေ့လျားမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

ယနေ့ည ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ ဝပ် (Ward) အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိ၍ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင် ၃၉၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုလျက်ရှိသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းဝပ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ *(သတင်းစဉ်)*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ခ်အဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Ms. Sujata Koirala အား ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ ဧည့်ခန်းဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ Constituent Assembly Parliament Hon. Dudha Kumari Hamal၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Guna Laxmi Sharma နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်ဟာ တိုင်းရင်းသား…
တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိမှ ပြည်ထောင်စုကြီး ခိုင်မြဲနိုင်သလို နိုင်ငံတော်ရဲ့ အချုပ်…

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်း ချီတက်အလေးပြုစဉ်။ (သတင်းစဉ်)



* ရှေ့ဖုံးမှ

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ စတင်ဖွဲ့စည်းကတည်းက မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး ပြည်သူ့ကြားက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်ဖြစ်တယ်။ တပ်မတော်သက်တမ်းတစ်လျှောက်မှာ နိုင်ငံတော်အတွက် အရေးကြုံတိုင်း ရှေ့တန်းက မားမားမတ်မတ်ရပ်တည်ခဲ့တဲ့ သမိုင်းမှတ်တိုင်တွေ အမြောက်အမြားရှိခဲ့တယ်။ ရဲဘော်တို့ဟာ အဲဒီလို တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြရမယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ **ဒို့တာဝန်အရေးသုံးပါး**ကို အမျိုးသားရေး ခံယူချက်အဖြစ် အစဉ်အမြဲ ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားကြဖို့လိုတယ်။ ဒို့တပ်မတော်ဟာ အတွေ့အကြုံတွေကို သင်ခန်းစာရယူပြီး ဒို့နိုင်ငံ၊ ဒို့လူမျိုး၊ ဒို့တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုဓလေ့စရိုက်နဲ့ အမြဲတမ်း မှန်ကန်ကိုက်ညီနေမယ့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ရဲ့ဝါဒ၊ အမျိုးသားရေးခံယူချက်အဖြစ် ချမှတ်ကျင့်သုံးခဲ့တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့လည်း ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး တပ်မတော်ရဲ့ အဓိကတာဝန်ကြီး သုံးရပ် ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တွေကို ကျရာဒေသတွေမှာ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ရဲ့ အဓိကအကျဆုံး တာဝန်တစ်ခုကတော့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးပဲဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်ဖို့အတွက် မျိုးချစ်စိတ်ဓာတ် အခြေခံရှိပြီးသားဖြစ်တဲ့ ဒို့တပ်မတော်ကို အင်အားတောင့်တင်းလာအောင်၊ စွမ်းရည်ပြည့်ဝလာအောင်၊ ခေတ်မီလာအောင် တည်ဆောက်နေခြင်းပဲဖြစ်တယ်။ အင်အားတောင့်တင်းဖို့ဆိုတဲ့နေရာမှာ လူ၊ လက်နက်၊ ပစ္စည်းကိရိယာ စတဲ့ ရုပ်ပိုင်းဆိုင်ရာ အင်အားတွေအပြင် စွန့်လွှတ်စွန့်စားလိုစိတ်၊ အများအကျိုးအတွက် အနစ်နာခံလိုစိတ် စတဲ့ စိတ်ပိုင်းဆိုင်ရာအင်အားတွေပါ တောင့်တင်းခိုင်မာဖို့လိုတယ်။ စွမ်းရည်ပြည့်ဝအောင်ဆိုတဲ့နေရာမှာ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝအောင် တည်ဆောက်သွားရမှာဖြစ်တယ်။ တပ်မတော်သားတစ်ယောက်အတွက် လက်ရုံးရည်ဆိုတာ စစ်ကိုနိုင်အောင်တိုက်နိုင်တဲ့ စစ်အတတ်ပညာ တစ်နည်းအားဖြင့် တိုက်ရည်ခိုက်ရည်ပဲ ဖြစ်တယ်။ နှလုံးရည်ဆိုတာက စစ်သည်တွေရဲ့ ခံယူချက်၊ ယုံကြည်ချက်၊ အတွေးအခေါ် ဗဟုသုတတွေပဲဖြစ်တယ်။ တပ်မတော်တစ်ရပ်ဟာ လက်ရုံးရည်ရော နှလုံးရည်ပါပြည့်ဝပြီး အင်အားတောင့်တင်းရုံသာမက စိတ်ဓာတ်နဲ့ စည်းကမ်းကောင်းမွန်ဖို့လည်း အထူးလိုအပ်တယ်။ ဒါမှလည်း နိုင်ငံတော်အတွက် အားကိုးအားထားပြုရမယ့် တပ်မတော်တစ်ရပ် ဖြစ်လာမှာဖြစ်တယ်။ ဒီလို နိုင်ငံတော်က အားထားရတဲ့ တပ်မတော်တစ်ရပ်ဖြစ်လာဖို့ ဒို့တပ်မတော်ကို တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိတယ်။

ရဲဘော်တို့-

တပ်မတော် အင်အားတောင့်တင်းခိုင်မာလာအောင် တပ်တွင်းစည်းလုံးညီညွတ်မှု တည်ဆောက်တဲ့နေရာမှာ အဓိကအကျဆုံးက ရဲဘော်တို့ရဲ့ ခေါင်းဆောင်မှုပဲဖြစ်တယ်။ ရဲဘော်တို့ရဲ့ မှန်ကန်မျှတတဲ့ ခေါင်းဆောင်မှုကသာ တပ်ဖွဲ့ဝင်တွေရဲ့ အပြန်အလှန်ယုံကြည်မှုနဲ့ ရဲဘော်စိတ်တွေကို ရရှိစေနိုင်မှာဖြစ်ပြီး ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မှာ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ မိမိတပ်ဖွဲ့ဝင်တွေကို မှန်မှန်ကန်ကန် ဦးစီးဦးဆောင် ပြုကြရမယ်။ ရာထူးအဆင့်ဆိုတာ တာဝန်ပေးခန့်အပ်လို့ရပေမယ့် ခေါင်းဆောင်ဆိုတာကတော့ အများက အသိအမှတ်ပြုမှသာ ဖြစ်နိုင်တယ်။ ခေါင်းဆောင်မှု အင်္ဂါရပ် (၁၆)ရပ်ဆိုတာ ခေါင်းဆောင်တွေမှာ ပြည့်စုံရမယ့် အချက်တွေဖြစ်တယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ အဲဒီအချက်တွေအပြင် ထူးခြားတဲ့ အရည်အသွေးတွေနဲ့ မိမိတပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်၊ စွမ်းရည်၊ အရည်အချင်းအားလုံးကို စုစည်းပြီး ရည်မှန်းချက်တာဝန် ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်ဖို့လိုတယ်။ မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကို ဦးဆောင်ပြီး ရန်သူကို အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းနိုင်ဖို့အတွက် တပ်ဖွဲ့ဝင်တွေ အချင်းချင်း အပြန်အလှန် အားကိုးယုံကြည်မှုရှိတဲ့စိတ်၊ အသက်ပေးကာကွယ်စောင့်ရှောက်လိုတဲ့စိတ်နဲ့ တပ်ဖွဲ့စိတ်တွေ ရှိနေကြရမယ်။ အဲဒီလိုရှိနေအောင် ရဲဘော်တို့လို ခေါင်းဆောင်ငယ်ဘဝမှာ ကိုယ်တိုင် စံနမူနာပြ အပင်ပန်းခံပြီး ဦးဆောင်ရမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ မိမိကိုယ်ကို အရည်အသွေး တိုးတက်မြင့်မားလာအောင် အစဉ်တစိုက် လေ့ကျင့်ကြိုးပမ်းနေကြရမယ်။ တစ်ချိန်တည်းမှာပဲ မိမိတပ်ဖွဲ့ဝင်တွေရဲ့ အရည်အချင်းကိုလည်း တိုးတက်မြင့်မားလာအောင် ဦးစီးဦးဆောင်ပြုနိုင်ရမှာ ဖြစ်တယ်။

ရဲဘော်တို့-

နိုင်ငံတော်ကို အပြည့်အဝ ကာကွယ်နိုင်ဖို့ဆိုတာ တပ်မတော်တစ်ရပ်တည်းနဲ့ မလုံလောက်တဲ့အတွက် ပြည်သူလူထုပါ အတူတကွ ပူးပေါင်းလက်တွဲပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားကြရမယ်။ ဒါမှလည်း ဒို့နိုင်ငံရဲ့ ကာကွယ်ရေး မဟာဗျူဟာဖြစ်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်တယ်။ ပြဿနာတစ်ခု ဖြေရှင်းရာမှာ စစ်ရေးနည်းနဲ့ ဖြေရှင်းတယ်ဆိုတာ မလွှဲမရှောင်သာတဲ့ နောက်ဆုံးအဆင့်မှသာ အသုံးပြုရတဲ့ နည်းလမ်းဖြစ်တယ်။ စစ်ဘက်ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ စစ်ရေးကိုသာမက စည်းရုံးရေးမှာလည်း မိမိတပ်ဖွဲ့ဝင်တွေကို ဦးဆောင်ပြီး နယ်မြေလူထုကို စည်းရုံးနိုင်တဲ့ စည်းရုံးရေးမှူးကောင်းတွေဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရမယ်။ တပ်မတော် အင်အားတောင့်တင်းခိုင်မာအောင် တည်ဆောက်တဲ့နေရာမှာ တပ်တွင်းစည်းလုံးညီညွတ်မှုက အရေးကြီးသလို နိုင်ငံတော်ကို အပြည့်အဝ ကာကွယ်နိုင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်ဖို့ တပ်ပြင်စည်းရုံးရေးကလည်း အရေးကြီးတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ကျရာတာဝန်တွေကို ထမ်းဆောင်ရင်း တပ်တွင်းတပ်ပြင် စည်းရုံးရေးလုပ်ငန်းတွေကိုလည်း အလေးထား လုပ်ဆောင်ကြရမှာဖြစ်တယ်။

စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၅၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၅၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရဲဘော်တို့-

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ဖို့ ဒို့တပ်မတော်သားတွေအားလုံး အရည်အသွေး ပြည့်ဝနေအောင် **မြဲသုံးမြဲ**နဲ့ အညီ အမြဲတမ်း လေ့ကျင့်နေဖို့လိုတယ်။ ရဲဘော်တို့ကို အမိစစ်တက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေဟာ အခြေခံမျှသာဖြစ်လို့ လက်တွေ့ဘဝမှာ ရရှိလာတဲ့ အတွေ့အကြုံတွေကို သင်ခန်းစာရယူပြီး စဉ်ဆက်မပြတ် လေ့လာဆည်းပူး လေ့ကျင့်သွားကြရမယ်။ **လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှအောင်မြင်**ဆိုတဲ့အတိုင်း **လေ့ကျင့်ရေး**ဆိုတာ မဖြစ်မနေ အစဉ်တစို…
တပ်မတော်သားတွေရဲ့ တာဝန်တစ်ရပ်ပဲ ဖြစ်…
သန်စွမ်းမှု၊ ကျွမ်းကျင်မှုဆိုတဲ့ ရုပ်ပိုင်းဆိုင်ရ…
မိမိကိုယ်မိမိ ယုံကြည်မှု၊ ရဲရင့်မှုတို့အပြင် မှန်…
တွေးခေါ်မှု စတဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေကို…
တယ်။ ရရှိအောင်လည်း လေ့ကျင့်ကြရမှာ…
တိုးတက်လာတဲ့ စစ်လက်နက်ပစ္စည်းကိရိယာ…
တွေကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်…
စစ်နည်းဗျူဟာတွေကိုလည်း မိမိတို့လက်ရှိ…
အသုံးချနိုင်အောင် စဉ်ဆက်မပြတ် လေ့လာဆ…
နေရမယ်။ ဒါမှလည်း နိုင်ငံတော်ကာကွယ်ရေး…
ဖြစ်နေမှာ ဖြစ်တယ်။ ဒါကြောင့် တပ်တည်ဆော…
မှာ လေ့ကျင့်ရေးနဲ့ တည်ဆောက်ဆိုတာကို ဦး…
ဖြစ်တယ်။

ရဲဘော်တို့ -

ဒို့တပ်မတော်ဟာ သမိုင်းရဲ့ တောင်းဆိုမှုန…
အရ ပြည်သူ့အကျိုးအတွက် စွန့်လွှတ်အနစ်နာခံ…
ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်တယ်။ ပြည်…
လာရင် မည်သူ တစ်ဦးတစ်ယောက်ရဲ့ တိုက်…
အမြဲတမ်းအသင့်ဖြစ်ခဲ့ပြီး အမြဲတမ်း ရှေ့တန်းက…
အလာကောင်းတွေကို ကမ္ဘာတည်သရွေ့ ဆက်…
မှာဖြစ်တယ်။ သမိုင်းကြောင်းတစ်လျှောက် ပြည်…
ဆောင်ရွက်ခဲ့တဲ့ ဒို့တပ်မတော်ဟာ ဒီကနေ့မှာလ…

အကျိုးပြုလုပ်ငန်းတွေမှာ တစ်တပ်တစ်အား…
ဒါကြောင့် ယခုအချိန်မှာ နယ်စပ်ဒေသနှင့် တိုင်…
တိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး (…
ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စတဲ့ စီမံကိ…
ဒေသတွေပါမကျန် အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတ…
နိုင်ပြီး ဖြစ်တယ်။ နှစ်ပေါင်းများစွာ တည်ငြိ…
တိုးတက်မှု နောက်ကျခဲ့တဲ့ နေရာဒေသအ…
တိုင်းရင်းသား ညီအစ်ကိုတွေနဲ့အတူ လက်တွဲပြီ…

...မြစ်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲဖြစ် ... နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာလည်း တည်တံ့နိုင်မည်

လေ့ကျင့်ရေးဆိုတာ မဖြစ်မနေ အစဉ်တစိုက် လုပ်ဆောင်နေရမယ့် တပ်မတော်သားတွေရဲ့ တာဝန်တစ်ရပ်ပဲ ဖြစ်တယ်။ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းမှု၊ ကျွမ်းကျင်မှုဆိုတဲ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေသာမက မိမိကိုယ်မိမိ ယုံကြည်မှု၊ ရဲရင့်မှုတို့အပြင် မှန်ကန်တဲ့ခံယူချက်၊ သုံးသပ်တွေးခေါ်မှု စတဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေကိုပါ လေ့ကျင့်ရေးက ရရှိနိုင်တယ်။ ရရှိအောင်လည်း လေ့ကျင့်ကြရမှာ ဖြစ်တယ်။ ခေတ်နဲ့အညီ တိုးတက်လာတဲ့ စစ်လက်နက်ပစ္စည်းကိရိယာတွေ၊ စစ်သုံးယာဉ်၊ ယန္တရားတွေကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရမယ်။ ပြောင်းလဲလာတဲ့ စစ်နည်းဗျူဟာတွေကိုလည်း မိမိတို့လက်ရှိအခြေအနေနဲ့ ကိုက်ညီစွာ အသုံးချနိုင်အောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရင်း အမြဲလေ့ကျင့်နေရမယ်။ ဒါမှလည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲတမ်း အသင့်ဖြစ်နေမှာ ဖြစ်တယ်။ ဒါကြောင့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်မှာ လေ့ကျင့်ရေးနဲ့ တည်ဆောက်ဆိုတာကို ဦးစားပေး ဖော်ပြထားခြင်းပဲ ဖြစ်တယ်။

ရဲဘော်တို့ -

ဒို့တပ်မတော်ဟာ သမိုင်းရဲ့ တောင်းဆိုမှုနဲ့ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ပြည်သူ့အကျိုးအတွက် စွန့်လွှတ်အနစ်နာခံဖို့ မွန်မြတ်တဲ့စိတ်ဓာတ်နဲ့ ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်တယ်။ ပြည်သူ့အရေးအတွက် လိုအပ်လာရင် မည်သူ တစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းနှိုးဆော်ချက်မျှမပါဘဲ အမြဲတမ်းအသင့်ဖြစ်ခဲ့ပြီး အမြဲတမ်း ရှေ့တန်းက ရပ်တည်ခဲ့တယ်။ ဒီအစဉ်အလာကောင်းတွေကို ကမ္ဘာတည်သရွေ့ ဆက်ပြီးတော့ ထိန်းသိမ်းသွားရမှာဖြစ်တယ်။ သမိုင်းကြောင်းတစ်လျှောက် ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ခဲ့တဲ့ ဒို့တပ်မတော်ဟာ ဒီကနေ့မှာလည်း နိုင်ငံနဲ့အဝန်း **ပြည်သူ့အကျိုးပြုလုပ်ငန်း**တွေမှာ တစ်တပ်တစ်အား ပါဝင်ဆင်နွှဲလျက်ရှိတယ်။ ဒါကြောင့် ယခုအချိန်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စတဲ့ စီမံကိန်းတွေချမှတ်ပြီး နယ်စပ်ဒေသတွေပါမကျန် အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပြီး ဖြစ်တယ်။ နှစ်ပေါင်းများစွာ တည်ငြိမ်အေးချမ်းမှုမရှိလို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့တဲ့ နေရာဒေသအများစုဟာ အခုအခါမှာ တိုင်းရင်းသား ညီအစ်ကိုတွေနဲ့အတူ လက်တွဲပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်နေနိုင်ပြီ ဖြစ်တယ်။ အရင်က အိပ်မက်မျှပင် မမက်နိုင်ခဲ့တဲ့ ငြိမ်းချမ်းမှုအနှစ်သာရနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အကျိုးကျေးဇူးတွေကို ဒီကနေ့မှာ ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမတစ်တွေ လက်တွေ့ခံစားနေကြရတာ အားလုံးအသိပဲ ဖြစ်တယ်။ ဒို့တပ်မတော်သားတွေ အပါအဝင် တိုင်းရင်းသားပြည်သူလူထုတွေရဲ့ ရင်းနှီးပေးဆပ်မှုများစွာနဲ့ တည်ဆောက်ထားတဲ့ ဒီအခြေအနေကို ထာဝရတည်တံ့အောင် တက်ညီလက်ညီနဲ့ ဆက်လက်ကြိုးပမ်း ထိန်းသိမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

တက်ရောက်

စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၅၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၅၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

ရဲဘော်တို့ -

တပ်မတော်ရဲ့ ခေါင်းဆောင်ငယ်တွေအဖြစ် တာဝန်ထမ်းဆောင်ရမယ့် ရဲဘော်တို့ဟာ နောင်တစ်ချိန်မှာ နိုင်ငံတော်ရဲ့ ပခုံးပြောင်းတာဝန်တွေကို ထမ်းဆောင်ရမှာပဲ ဖြစ်တယ်။ စစ်ရေးဆိုတာ နိုင်ငံရေးနဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်နေသလို နိုင်ငံရေးဆိုတာကလည်း စီးပွားရေးနဲ့ အပြန်အလှန်မှီတည်လျက်ရှိတယ်။ ဒီကနေ့ ဆင်နွှဲနေတဲ့ ခေတ်သစ်စစ်ပွဲတွေဟာ လက်နက်ကိုင်တိုက်ခိုက်တဲ့ စစ်ရေးသက်သက်သာမဟုတ်ဘဲ Multi-Dimensional Warfare ဆိုတဲ့ ဘက်စုံစစ်ပွဲအသွင်နဲ့ ဆင်နွှဲတိုက်ခိုက်နေတာကို တွေ့မြင်နေကြရတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ စစ်ရေးအမြင်သာမက နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်ဆိုတဲ့ **အမြင်လေးမြင်**နဲ့လည်း ပြည့်စုံနေဖို့ လိုတယ်။ ဒီလို ပြည့်စုံနေမှလည်း **'နောင်တစ်ခေတ်၏ အောင်စစ်သည်'** ဆိုတဲ့ စစ်တက္ကသိုလ်ရဲ့ ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားကိုးအားထားပြုရတဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာမှာဖြစ်တယ်။ ဒို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံတော်အဖွဲ့အစည်းတစ်ခု ဖြစ်တယ်။ ဒါကြောင့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်ပြီး နိုင်ငံတော်နဲ့ တပ်မတော်ကို ဖြိုခွဲဖို့ ကြံစည်ကြိုးစားလာတဲ့ မည်သည့်အန္တရာယ် အခက်အခဲကိုမဆို နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ စွမ်းအားစုကြီးသုံးရပ်ပေါင်းစည်းတဲ့အင်အားနဲ့ တွန်းလှန်ချေမှုန်းသွားမှာပဲ ဖြစ်တယ်။ သမိုင်းတစ်လျှောက် နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော် အတူတကွ လက်တွဲပြီး အခက်အခဲ အကျပ်အတည်းတွေကို အကြိမ်ကြိမ် အခါအခါ ရင်ဆိုင်ကျော်လွှား ဖြေရှင်းနိုင်ခဲ့တဲ့ သာဓကတွေ အမြောက်အမြား ရှိခဲ့ပြီးဖြစ်တယ်။

ရဲဘော်တို့-

ဒို့နိုင်ငံမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားညီအစ်ကို မောင်နှမတစ်တွေဟာ အေးအတူပူအမျှ အတူတကွ နေထိုင်ခဲ့ကြတယ်။ နယ်ချဲ့တွေရဲ့ သပ်လျှိုသွေးခွဲမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့လို့ ပြည်ထောင်စုကြီးပြိုကွဲပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ထိခိုက်ဆုံးရှုံးမယ့်အန္တရာယ်နဲ့ ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ရတာ အားလုံးအသိပဲ ဖြစ်တယ်။ သမိုင်းပေးသင်ခန်းစာတွေအရ အမျိုးသားနိုင်ငံရေးကဏ္ဍနဲ့ **မှန်ကန်တဲ့ မျိုးချစ်စိတ်ဓာတ်** တစ်နည်းအားဖြင့် **ပြည်ထောင်စုစိတ်ဓာတ်** ရှင်သန်ထက်မြက်ရေးဟာ အထူးအရေးကြီးတယ်။ ဒို့နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်တယ်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိမှ ပြည်ထောင်စုကြီး ခိုင်မြဲနိုင်သလို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာလည်း တည်တံ့နိုင်မှာ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တာဝန်ကျရာ ဒေသအသီးသီးမှာရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့ နယ်မြေဒေသဖွံ့ဖြိုးရေးတွေမှာ တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ပြီး မှန်ကန်တဲ့ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာလာအောင် စည်းရုံးဆောင်ရွက်ကြရမယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ ၁၉၈၈ခုနှစ် အရေးအခင်းကာလမှာ မင်းမဲ့စရိုက် လွှမ်းမိုးပြီး ထိန်းမနိုင် သိမ်းမရနဲ့ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရမယ့် အခြေအနေကြောင့် မလွဲမရှောင်သာ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရတယ်။ နိုင်ငံတော်တာဝန်ရယူတဲ့ အချိန်ကစပြီး ပျက်စီးယိုယွင်းနေတဲ့ အုပ်ချုပ်မှုယန္တရား ပုံမှန်ပြန်လည် လည်ပတ်နိုင်အောင် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေး လုပ်ဆောင်ခဲ့တယ်။ တည်ငြိမ်အေးချမ်းမှုရှိလာတာနဲ့အမျှ နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် ဦးတည်ချက် (၁၂)ရပ် ချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့တယ်။ တစ်ပြိုင်နက်တည်း နိုင်ငံသားအားလုံး တောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ခု ဖြစ်ပေါ်လာရေးအတွက်ကိုလည်း နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်ခဲ့တယ်။ မည်သည့်နိုင်ငံမဆို သမိုင်းကတောင်းဆိုလာရင် လိုအပ်ချက်အရ အသွင်ကူးပြောင်းရေးကို မလွဲမသွေ ပြုလုပ်ရမှာပဲဖြစ်တယ်။ ယခုအခါမှာ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ စတုတ္ထအဆင့်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတွေက တစ်ခဲနက် အတည်ပြုနိုင်ခဲ့ပြီးဖြစ်တယ်။ ဆက်လက်ပြီး ကျန်တဲ့အဆင့်တွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်တယ်။ ဒို့တာဝန်ဟာ အလွန်ကြီးမားတဲ့အတွက် တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို ထိန်းသိမ်းပြီး မိမိကိုယ်တိုင်သာမက တပ်ဖွဲ့ဝင်တွေကိုပါ တပ်တိုင်း၊ ရဲဘော်တိုင်းမှာ ရှိရမယ့် အရည်အချင်း ငါးပါးနဲ့ပြည့်စုံအောင် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်နဲ့ တည်ဆောက်ကြရမယ်။ ထို့အတူ စွမ်းရည်သုံးရပ်နဲ့ ပြည့်ဝနေအောင်လည်း မြဲသုံးမြဲနဲ့အညီ အမြဲလေ့ကျင့်နေကြရမယ်။ တပ်တွင်း စည်းလုံးညီညွတ်ရေး ကျစ်လျစ်ခိုင်မာဖို့ ခေါင်းဆောင်မှု အင်္ဂါရပ်တွေနဲ့အညီ ကွပ်ကဲအုပ်ချုပ်ပြီး ရဲဘော်စိတ်နဲ့ ပူးပေါင်းဆောင်ရွက်သွားရမယ်။ တပ်ပြင် စည်းရုံးရေးအတွက်လည်း တာဝန်ကျရာဒေသတွေက တိုင်းရင်းသားညီအစ်ကိုတွေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အနေနဲ့ ပြောကြားရရင် အနာဂတ်ရဲ့ ခေါင်းဆောင်တွေဖြစ်လာမယ့် ရဲဘော်တို့ဟာ-

- **ဒို့တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာတွေကို ဆက်လက်ထိန်းသိမ်းပြီး ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ် စောင့်ရှောက်ကြပါ။**
- **ပြောင်းလဲတိုးတက်လာတဲ့ စစ်သိပ္ပံပညာရပ်တွေကို မပြတ် ဆည်းပူးလေ့လာပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်နေအောင် လေ့ကျင့်ပြင်ဆင်ဆောင်ရွက်ကြပါ။**
- **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်တဲ့နေရာမှာ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်နဲ့အညီ ဝိုင်းဝန်းတည်ဆောက်ကြပါ။**
- **ကျစ်လျစ်ခိုင်မာတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ဖို့ တာဝန်ကျရာ ဒေသတွေမှာ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေဆောင်ရွက်ရင်း ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာလာအောင် စည်းရုံးဆောင်ရွက်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်တယ်။ ။**

မည်သည့်နိုင်ငံမဆို သမိုင်းကတောင်းဆိုလာရင် လိုအပ်ချက်အရ အသွင်ကူးပြောင်းရေးကို မလွဲမသွေ ပြုလုပ်ရမှာပဲဖြစ်တယ်။ ယခုအခါမှာ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ စတုတ္ထအဆင့်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတွေက တစ်ခဲနက် အတည်ပြုနိုင်ခဲ့ပြီးဖြစ်တယ်။ ဆက်လက်ပြီး ကျန်တဲ့အဆင့်တွေကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်တယ်။

ငြိမ်းချမ်းပွင့်ဝေ သံလွင်သက်သေ

လှိုင်ဘွား(ပါရမီ)

ဒီဇင်ဘာ၏ ဆောင်းနှင်းပွင့်တို့က နံနက်ခင်းကျက်သရေကိုဆောင်နေသကဲ့သို့ စစ်ရေးပြကွင်းရှိရာသို့ ချီတက်လာသော တပ်ဖွဲ့ဝင်တို့၏ လှုပ်ရှားသံများက မင်္ဂလာရှိလွန်းလှသည်။ ဧည့်ပရိသတ်တို့ကား ဒီဇင်ဘာအအေးဓာတ်ကို အန်တုလျက် မကြာမီ ကျင်းပတော့မည့် အခမ်းအနားကြီးကို ရင်ခုန်စွာ မျှော်လင့်စောင့်စားနေကြတော့သည်။ စိုးထိတ်ရင်ဖိုခဲ့ရသော သူတို့၏အတိတ်ကာလတို့ ဆိတ်သုဉ်းလျက် နိုင်ငံတော်အစိုးရ၏ စီမံမှုအောက်တွင် အေးချမ်းခဲ့ရပြီဖြစ်သကဲ့သို့ တစ်သက်တာ ပကတိ အေးချမ်းသာယာမှု ရရှိခံစားကြရတော့မည့်အကြောင်း ထပ်လောင်းသက်သေပြသည့် အခမ်းအနားဖြစ်ပေရာ သူတို့အတွက် အသက်တမျှအရေးပါလှသော အခမ်းအနားပင်တည်း။

ဤကား ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၄ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် စီအောဒေသ၌ ကျင်းပခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားပင်တည်း။ မြင့်မားသာယာလှပစိမ်းစိုသော ရှမ်းရိုးမ တောင်တန်းကြီးကို နောက်ခံပြုလျက် စုစည်းညီညွတ်စွာဖြင့် သံလွင်စိမ်းရောင်ယူနီဖောင်း အပြည့်အစုံဝတ်ဆင်ထားသော ကိုးကန့်တပ်ဖွဲ့ဝင် တစ်ဖြစ်လဲအမှတ်(၁၀၀၆) နယ်ခြားစောင့်တပ်မှ အရာရှိစစ်သည်များကား နိုင်ငံတော်ကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကိုးကန့်ဒေသတွင် ရွှေခေတ်တစ်ခေတ် ရောက်ခဲ့ပြီဆိုသည်ကို သက်သေပြနေတော့သည်။ သူတို့ပုံဟန်က ဂုဏ်ယူဖွယ်ရာဝင့်ကြွားလှသလို ရွှေပွဲလာဧည့်ပရိသတ် ကြီးကြီးငယ်ငယ် ပျိုပျိုရွယ်ရွယ်တို့မှာလည်း မိမိတို့ အစ်ကိုမောင်ဖွားတူသားတို့၏ နိုင်ငံတော်အသိအမှတ်ပြု တပ်မတော်သားများအဖြစ် ပြောင်းလဲတိုးတက် ဖြစ်တည်လာမှုကို လေးစားဂုဏ်ယူသောအပြုံးတို့ဖြင့် ကြည်နူးဝမ်းမြောက်နေကြတော့သည်။ သူတို့ရင်မှ အပျော်တို့က ပတ်ဝန်းကျင်တစ်ခုလုံးကို စေ့ဆော်လျက် သစ်ခက်သစ်ရွက်တို့ပင် သံစဉ်တေးထပ် လှုပ်ခတ်နေကြတော့သည်။ ရွှေပွဲလာပျိုမေတို့၏ အပြုံးမျက်နှာတို့က ဒေသခံပြည်သူတို့ဆန္ဒမည်မျှပြင်းပြသည်ကို ဖော်ညွှန်းလျက်ရှိပေတော့သည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၈ ရက်ကလည်း ကချင်အထူးဒေသ(၁)နှင့် ကယားအထူးဒေသ(၂)တို့သည် ယခုနည်းတူ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြသည်။ ကောင်းခြင်းနှင့် ကောင်းသတင်းတို့ကား လျင်မြန်စွာ ချိတ်ဆက်ပေါင်းဖက်မိခဲ့ကြပေရာ ကိုးကန့်ပြည်သူတို့ကလည်း အဆိုပါဒေသများမှ ပြည်သူတို့နည်းတူ ဂုဏ်ယူမော်ကြွားနိုင်ရေး ဆန္ဒပြုခဲ့ကြပေလိမ့်မည်။ စေတနာမှန်သော နိုင်ငံတော်၏ စီမံမှုအောက်တွင် စိတ်ချင်းတူညီ ကြည်ဖြူလက်တွဲလာမှုတို့က တစ်ဟုန်ထိုးပင်ဖြစ်တော့ရာ ဒေသခံပြည်သူများမဆိုထားဘိ၊ အဝေးမှပြည်သူတို့ပင် အပျော်တို့ကူး ကြည်နူးမျက်ရည်တို့ စို့ခဲ့ရပေတော့သည်။ ဤမြင်ကွင်းမျိုး တစ်ရေးနိုး အိပ်မက်ထဲမှာပင် မမြင်ခဲ့ဖူးရာ အမှန်အစစ်ဟုတ်ကြောင်း သက်သေထားဖို့ ကိုယ့်အသားပင် ကိုယ်ဆိတ်ကြည့်ပြီးမှ သေချာလက်ခံလိုက်ရတော့သည်။ ဗကပနှင့်မှားယွင်းပူးပေါင်း ထောင်းလမောင်းကျေခဲ့သည့်ကာလ ကျည်ဆန်ရာဗရပွ ပြန့်ကျဲခဲ့သောဒေသကား တဖြည်းဖြည်းချင်း လမ်းမှန်သို့ ချင်းနင်းလျက် ငြိမ်းချမ်းရေးသံစဉ်ဖြင့် ပွဲထွက်ခဲ့သည်။ ယခုကား ဇာတ်ရှိန်မြင့်တက် တစ်သားတည်း ပေါင်းဖက်နိုင်ခဲ့ကြပေပြီ။

တစ်ချိန်ကတော့ ကိုးကန့်ဒေသသည် ယခုကဲ့သို့ပင် ငြိမ်းချမ်းခဲ့ဖူးပါသည်။ သို့သော်အခါတစ်ပါးတွင် ဗကပတို့၏ အယူမှားအောက်သို့ ဒေသသားအချို့ စိတ်ကူးယွင်းဖောက် တကောက်ကောက်ပါအောင် လိုက်ပါမိခဲ့ရာမှ ဒေသတစ်ခုလုံးစစ်မီးအုံးကာ ပြည်သူတို့ အပူလုံးကြွခဲ့ကြရသည်။ မည်သည့်ကာလကမျှ လမ်းမှန်မရောက်နိုင်ခဲ့သော ဗကပတို့၏ လုပ်ရပ်အမှားကြောင့် ဘိန်းသံသရာ ဇာတ်မဟာတွင် တစ်စိတ်တစ်ပိုင်းပါဝင်ကပြ အသုံးတော်ခံခဲ့ကြရသည်။ ဤမှနောက်တွင် ၁၉၈၉ ခုနှစ်ခန့်သို့အရောက် နိုင်ငံတော်၏ စေတနာမှန်ကို သိမြင်မှုကြောင့် ဗကပနှင့်ကွာရှင်းပြတ်စဲ အလင်းရင်ခွင်ထဲ ပြန်ဝင်လာကြရာမှ ယခုတော့ပူပန်မှုအားလုံး ပြည်ဖုံးကားချ အေးချမ်းကြရပေတော့မည်။ ဤကား မြစ်သံလွင်ကို သက်သေပြုသည့် ပေါင်းစုမှုဖြစ်စဉ်ပင်တည်း။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံမှ စုစည်းညီညွတ်စွာဖြင့် တည်ဆောက်နိုင်မှသာ ခိုင်မာတောင့်တင်းသောနိုင်ငံတော်အဖြစ် တည်တံ့နိုင်ပေမည်။ ထိုသို့အခြေခံကျကျ မတည်ဆောက်နိုင်ခဲ့သဖြင့် လွတ်လပ်ရေးရပြီးစကာလတွင် နိုင်ငံရေးသမားတို့ ဖွဲ့စည်းထားသည့် ပျူစောထီးခါးပိုက်ဆောင်တပ်ကဲ့သို့သော တရားမဝင်လက်နက်ကိုင်အဖွဲ့များ၊ ဗကပ၊ အလံနီကွန်မြူနစ်၊ ရဲဘော်ဖြူ၊ KNDO တို့ကဲ့သို့သော အစွန်းရောက်အကြမ်းဖက်အဖွဲ့များနှင့် ပေါများလှသော ဒုတိယကမ္ဘာစစ် လက်ကျန်လက်နက်ခဲယမ်းများ ပေါင်းစပ်မိသွားကာ သူတစ်လူငါတစ်မင်း စစ်ခင်းကြခဲ့သဖြင့် ပြည်သူလူထုစိတ် နှလုံးညှိုးချုံးခဲ့ရသည့်ဖြစ်စဉ်ကား မည်သူမျှငြင်းမရ၊ ခိုင်မာလှသည့် သက်သေဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည် အေးချမ်းသာယာရေးကို ဖော်ဆောင်နိုင်ရန်အတွက် ယခင်နှင့်မတူသည့် မူဝါဒပြောင်းလဲချမှတ်ပြီး ဖြေရှင်းဆောင်ရွက်သောနည်းလမ်း၊ နိုင်ငံရေးကိစ္စများနှင့်ပတ်သက်၍ အမျိုးသားညီလာခံတွင် ညှိနှိုင်းအဖြေရှာသော နည်းလမ်း၊ ထာဝရငြိမ်းချမ်းရေးအတွက် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ လိုက်နာဆောင်ရွက်ရေး ညှိနှိုင်းသဘောတူသောနည်းလမ်း စသည့်နည်းလမ်းသုံးခုတို့ကိုအခြေခံလျက် ဆောင်ရွက်ခဲ့ပေသည်။

တပ်မတော်ကား စတင်ပေါ်ပေါက်လာစဉ်ကတည်းကပင် မည်သို့သော တိုင်းရင်းသားအမျိုးအစားခွဲခြားမှုမျှ သတ်မှတ်ထားခြင်းမရှိခဲ့ပေရာ လက်ရှိ တပ်မတော်အတွင်း၌ပင် ညီရင်းအစ်ကိုပမာ လက်တွဲတိုက်ပွဲဝင်နေကြသော တိုင်းရင်းသားညီအစ်ကိုတို့ များစွာရှိနေကြပေသည်။ နယ်ချဲ့ဗြိတိသျှလက်ထက်က ခွဲခြားသတ်မှတ်မှုရှိခဲ့သည်ကိုပင်လျှင် နိုင်ငံတော်အစိုးရက ပယ်ဖျက်လျက် တစ်ပြေးညီ ပြန်လည်သတ်မှတ်ဖွဲ့စည်းခဲ့ပေသည်။ ထိုသို့ တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော တပ်မတော်ကား နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုထိပါးလာမှု၊ ပြည်ထောင်စုပြိုကွဲအောင် ရည်ရွယ်ဆောင်ရွက်လာမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် ရည်ရွယ်ဆောင်ရွက်လာမှုမှန်သမျှအားသမိုင်းစဉ်တစ်လျှောက်လုံး ကာကွယ်ထိန်းသိမ်းခဲ့ရပေရာ ပြည်တွင်းကသာမက အနိုင်နိုင်ငံကပင် အရည်အသွေးရှိမှုကို အသိအမှတ်ပြုထားရသော ခိုင်မာလှသည့် တစ်ခုတည်းသောတပ်မတော် လက်နက်ကိုင်အဖွဲ့အစည်းကြီးဖြစ်ပေသည်။

အနာဂတ်ကာလတွင် ကျင့်သုံးမည့် ဒီမိုကရေစီစနစ်တွင်လည်း မည်သည့် အစိုးရမျိုးဖြစ်စေကာမူ နိုင်ငံတော်အတွက်ဆိုလျှင် ဆိုခဲ့ပြီးသော တာဝန်တို့ကို ဦးလည်မသုန် ထမ်းရွက်သွားမည်ဖြစ်ပေသည်။ သို့ဖြစ်ရာ ဤမည်သော အဖွဲ့အစည်းအပြင် နောက်ထပ်လှေကြီးပေါ်လှေငယ်တင်သကဲ့သို့ သူ့သဘောသူဆောင်သည့် လက်နက်ကိုင်အဖွဲ့ငယ်လေးများရှိရန် မလိုကြောင်း ထင်ရှားလှပေသည်။ နိုင်ငံတော်ကို၊ မိမိဒေသကို လက်နက်ကိုင်၍ ကာကွယ်လိုသည်ဆိုလျှင်လည်း တိုင်းရင်းသားပေါင်းစုံပါဝင်သော ပြည်ထောင်စုတပ်မတော်ကြီး၏ ကွပ်ကဲမှုအောက်တွင် ယခုဖွဲ့စည်းပြီးခဲ့သည့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ခြင်းဖြင့် မိမိတို့ဆန္ဒကို ပြည့်ဝစေနိုင်ကြောင်း၊ ဤသည်မှာ သင့်တင့်လျောက်ပတ်လှကြောင်း အထင်အရှား တွေ့ရပေသည်။

ဤသို့ ဖြစ်သင့်လှသော အခြေအနေတို့ ထင်ရှားပေါ်လွှင်နေစေကာမူ ပြည်တွင်းပြည်ပ အဖျက်သမားတို့က ပြည်ထောင်စုပြိုကွဲရေး နှပ်ကြောင်းပေးလျက် ဒီမိုကရေစီအစိုးရတက်လာမှ နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် စဉ်းစားသင့်သည်ဟု တိုင်းရင်းသားအဖွဲ့အစည်းများကို မျက်စိလည်လမ်းမှားအောင် သွေးဆောင်သိမ်းသွင်းနေသည်ကို ကြားသိနေရသည်။ ဤကိုးကန့်ဒေသမှာပင် မူးယစ်ဆေးဝါးကိစ္စ၊ လက်နက်တရားမဝင်ထုတ်လုပ်မှုကိစ္စတို့ကြောင့် ပုဂ္ဂိုလ်အချို့တို့အား နိုင်ငံတော်က အရေးယူဆောင်ရွက်ခဲ့ရသည့်ဖြစ်စဉ်ကိုလည်း နယ်ခြားစောင့်တပ်ဖွဲ့စည်းမှုကိစ္စနှင့် မဆီမဆိုင် ဆွဲယူပေါင်းစပ်ကာ သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။ သို့သော် အစဉ်အလာကြီးမားလှသည့် တိုင်းရင်းသားချစ်ကြည်မှုကား မြစ်သံလွင်ကြီးကဲ့သို့ပင် ခိုင်မြဲတည်တံ့လှပေရာ ထိုသွေးထိုးစကားများ အရောင်လွင့်ပါးပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။

ဤအခမ်းအနား၌ ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီမှ ဦးပယ်စောက်ချိန်ပြောသည့် အမှာစကားတို့အနက် "နိုင်ငံတော်အစိုးရသည် ခေတ်အဆက်ဆက် တိုင်းရင်းသားလူမျိုးများအပေါ် တောင်ပေါ်မြေပြန့် မခွဲခြားဘဲ အေးအတူပူအမျှဆက်ဆံ၍ တူညီသောအခွင့်အလမ်းများ ဆောင်ရွက်ပေးခဲ့သကဲ့သို့ မိမိတို့ နယ်ခြားစောင့်တပ်မှ အရာရှိစစ်သည်အပေါင်းတို့ကလည်း နိုင်ငံတော်အပေါ်၌သော်လည်းကောင်း၊ ပြည်သူလူထုအပေါ်၌သော်လည်းကောင်း အပြည့်အဝသစ္စာရှိပြီး ရိုးသားကြိုးစားကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း" ဟူသည့် စကားအရပင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့အကြား ရေကိုသားသော် အကြားမထင်သကဲ့သို့ ချစ်ကြည်တွဲလက် ဂဟေဆက်လျက်ရှိကြောင်း၊ မည်သည့်အကြောင်းအရာ၊ မည်သို့သော သူများကမျှ ထိုချစ်ကြည်ရင်းနှီးမှုကို ချေဖျက်နိုင်စွမ်းမရှိကြောင်း ပေါ်လွှင်လှပေသည်။ အခမ်းအနားအပြီးတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်တို့က ဒေသခံ ပြည်သူတို့နှင့်အတူ တိုင်းရင်းသားရိုးရာအကများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြရာ မြင်ရသူများပင် စည်းချက်လိုက်မိကြသည်အထိ ချစ်ကြည်ရင်းနှီး ပျော်ရွှင်မှုတို့က ကူးစက်ပျံ့နှံ့စေတော့သည်။

ဤသို့ ဖြစ်သင့်လှသော အခြေအနေတို့ ထင်ရှားပေါ်လွှင်နေစေကာမူ ပြည်တွင်းပြည်ပ အဖျက်သမားတို့က ပြည်ထောင်စုပြိုကွဲရေး နှပ်ကြောင်းပေးလျက် ဒီမိုကရေစီအစိုးရတက်လာမှ နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် စဉ်းစားသင့်သည်ဟု တိုင်းရင်းသား အဖွဲ့အစည်းများကို မျက်စိလည် လမ်းမှားအောင် သွေးဆောင်သိမ်းသွင်းနေသည်ကို ကြားသိနေရ။

တိုင်းရင်းသားတို့နေထိုင်ရာ သံလွင်အရှေ့ဘက်ကမ်းဒေသများကား ဤသံလွင်ကြောင့်ပင်လျှင် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် ထိုအားနည်းချက်ကို အခွင့်ကောင်းယူလျက် နိုင်ငံတော်နှင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့အကြား စည်းလုံးမှုပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပေသည်။ ရေစီးကြမ်းသောသံလွင်၊ ကျောက်တုံးကျောက်ဆောင် ထူထပ်သောသံလွင်၊ မိုင်ပေါင်း ၁၇၀၀ကျော် ရှည်လျားသည့် ထိုသံလွင်မြစ်ကြီးကား မြစ်ဖျားခံရာ တိဗက်ကုန်းပြင်မြင့် ရေခဲတောင်များရှိရာဒေသမှ စတင်စီးဆင်းလာခဲ့ရာ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းပြီးနောက် ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်ခဲ့သည်။ ဤသံလွင် စီးဆင်းရာလမ်းတစ်လျှောက်ကျရောက်သောဒေသတို့ကား သံလွင်၏အဆိုးအကောင်း သမိုင်းမှတ်တမ်းပေါင်းများစွာကို ကြုံတွေ့ရင်ဆိုင်ဖူးကြပေမည်။ သံလွင်ကြောင့် ထူးကြသူများရှိသလို သံလွင်ကြောင့်ပင် ရှုံးမတတ်ဒုက္ခခံဖူးကြသူများလည်း ရှိမည်မှာ အမှန်ပင်ဖြစ်ပေမည်။

ဤဘက်ခေတ်ကာလတွင်မူ သံလွင်၏ကြမ်းတမ်းမှု၊ ကူးဖြတ်ရန်ခက်ခဲမှုကို အခွင့်ကောင်းယူလျက် ဆူပူဆိုးသွမ်း မီးကုန်ယမ်းကုန်သောင်းကျန်းခဲ့သည့် အဖျက်သမား ဗကပကိုလည်း တိုင်းရင်းသားတို့က ပိတ်ဆို့ဖြတ်တောက် သမိုင်းဖျောက်နိုင်ခဲ့ကြပေပြီ။ ထိုအကြောင်းကြောင့်ပင်လျှင် ထိုမှနောက်ပိုင်း သံလွင်မြစ်ကူးတံတားကြီးတို့ကို တစ်စင်းပြီးတစ်စင်းဆိုသလောက် နိုင်ငံတော်က တည်ဆောက် ဖန်ဆင်းပေးနိုင်ခဲ့ပေပြီ။ ငြိမ်းချမ်းမှုနောက်တွင် ဖွံ့ဖြိုးမှုက တောက်လျှောက်ပါလာခဲ့ပေကြောင်းကို ထိုတံတားတို့က လည်းကောင်း၊ ဖြစ်ထွန်းအောင်မြင်နေသော နယ်စပ်ကုန်သွယ်ရေးစခန်းတို့က လည်းကောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီ ကာလနှင့်မတူ ခြားနားခံ့ညားထည်ဝါလှသော နယ်စပ်ဒေသမြို့ကြီးများကလည်းကောင်း၊ တိုးတက်ဖြစ်ထွန်းလာသော လူ့စွမ်းအားအရင်းအမြစ်များ၊ ကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံကြီးများကလည်းကောင်း၊ သန့်ပြန့်မွန်ရည်လှသော အနာဂတ်မျိုးဆက်သစ်တိုင်းရင်းသား လူငယ်လူရွယ်လေးများက လည်းကောင်း သက်သေကောင်းကောင်း ပြနိုင်ခဲ့ပြီဖြစ်သည်။ ဤသက်သေကို ထပ်ဆောင်းခိုင်မာစေလျက် သံလွင်နှင့်ဆက်စပ် မြောက်ဖျားအရပ်မှ ပြည်သူတို့က တည်ငြိမ်အေးချမ်းခြင်းလှေငယ်ကို ရေချလွှတ်မျှောလိုက်ပြီဖြစ်ရာ ရောက်ရာအရပ်ကို ငြိမ်းချမ်းရေးရောင်စဉ် အုပ်လွှမ်းစေတော့မည်မှာ အမှန်ပင်ဖြစ်တော့သည်။ ။

တပ်မတော်ကား စတင်ပေါ်ပေါက်လာစဉ်ကတည်းကပင် မည်သို့သော တိုင်းရင်းသား အမျိုးအစားခွဲခြားမှုမျှ သတ်မှတ်ထားခြင်း မရှိခဲ့ပေရာ လက်ရှိ တပ်မတော်အတွင်း၌ပင် ညီရင်းအစ်ကိုပမာ လက်တွဲတိုက်ပွဲဝင် နေကြသော တိုင်းရင်းသားညီအစ်ကိုတို့များစွာ ရှိနေကြပေသည်။ နယ်ချဲ့ဗြိတိသျှလက်ထက်က ခွဲခြားသတ်မှတ်မှုရှိခဲ့သည်ကိုပင်လျှင် နိုင်ငံတော် အစိုးရက ပယ်ဖျက်လျက် တစ်ပြေးညီ ပြန်လည်သတ်မှတ်ဖွဲ့စည်းခဲ့။

12-12 (10).pmd 1 12/12/2009, 4:28 PM

တောင်ပိုင်းဒေသများတွင် ကွက်ကျားမိုး ရွာနိုင်ဖွယ်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် သီရိလင်္ကာနိုင်ငံ၊ ဘက်တီကာလိုအာမြို့၏ အရှေ့တောင်ဘက် မိုင် ၂၀၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလာမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

__ဒီဇင်ဘာ ၁၂ရက်ညနေအထိ ခန့်မှန်းချက်မှာ__ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံ အနောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
__ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__၂၀၀၉ခုနှစ် ဒီဇင်ဘာလ တတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ__ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ဘင်းမ်စတက်ခ် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ခ်အဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက်ခ်အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr.Dipu Moni၊ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Lyonpo Ugyen Tshering၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E.Mr.S.M. Krishna၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Ms.Sujata Koirala၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Rohitha Bogollagama နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr.Kasit Piromya၊ ဘင်းမ်စတက်ခ်အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးများအား ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှိ ဧည့်ခန်းဆောင်၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

__တက်ရောက်__

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

__တီးခတ်သီဆို__

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ခ်အဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက်ခ်အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးများအား နေပြည်တော် မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ နေ့လယ်စာ သုံးဆောင်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုတေးသံသာများဖြင့် တီးခတ်သီဆို ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ဘင်းမ်စတက်ခ်အဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ခ်အဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့နံနက်၉နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ကျင်းပသည်။ (အောက်ယာပုံ)

အစည်းအဝေးသို့ ဘင်းမ်စတက်ခ် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ ၊ အိမ်ရှင်ပြည်ထောင်စု မြန်မာနိုင်ငံ၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးအောင်သိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက်ခ် အဖွဲ့ဝင် နိုင်ငံများမှသံအမတ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အိန္ဒိယ သမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာနဝန်ကြီး H.E. Mr.S.M.Krishna က နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်းထံ ဘင်းမ်စတက်ခ်အဖွဲ့ဥက္ကဋ္ဌ ရာထူးကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr.Dipu Moni၊ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Lyonpo Ugyen Tshering၊ အိန္ဒိယ သမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန ဝန်ကြီး H.E.Mr.S.M. Krishna၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Ms.Sujata Koirala၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး H.E. Mr.Rohitha Bogollagama နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E .Mr. Kasit Piromya တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး ဘင်းမ်စတက်ခ်ဝန်ကြီးများ ပူးတွဲကြေညာချက်ကို အတည်ပြုကြသည်။

__အမှာစကားပြောကြား__

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။ ထို့နောက် ဘင်းမ်စတက်ခ်အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ဘင်းမ်စတက်ခ် အဖွဲ့ဝင် နိုင်ငံများအတွင်း နိုင်ငံတကာ အကြမ်းဖက်မှု၊ နိုင်ငံ ဖြတ် ကျော်မှုခင်းနှင့် မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ပူးပေါင်းတိုက်ဖျက်ရေး ဘင်းမ်စတက်ခ်ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

၂၀၀၈ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ၂၀၀၈ခုနှစ်အတွက် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို နေမျိုးသန့်၏ **မေတ္တာဘုံ၊ သစ္စာလွှမ်းတယ် လွမ်းငြိမ့်ငြိမ့်အေး**က လည်းကောင်း၊ ဒုတိယဆုကို သုသိဏ်၏ **ဖန်လာပုံ ခုမှဆန်းကြယ်**ကလည်းကောင်း၊ တတိယဆုကို နီနီနိုင် (သထုံ)၏ **လှိုင်းလေကြားက ပန်းရွှေကြာ**ကလည်းကောင်း ရရှိကြသည်။

__ဝတ္ထုတိုပေါင်းချုပ်ဆု__

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို မြေလတ်မင်းလွင်၏ **ရေနဲ့မျှားတဲ့ ငါးပလူနှင့် အခြားဝတ္ထုတိုများ**က လည်းကောင်း၊ ဒုတိယဆုကို မောင်ခြိမ့်၏ **ကမ်းမဲ့နဒီနှင့် တံငါရနံ့ဝတ္ထုတိုများ**က လည်းကောင်း၊ တတိယဆုကို နိုင်မျိုးသစ္စာ (နမ္မတူ)၏ **မြန်မာပြည်ကို ပိုချစ်သည်နှင့် အခြားဝတ္ထုတိုများ**က လည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို မောင်ဟန်တင့် (ပင်လည်ဘူး)၏ **အိပ်မက်တစ်ရာကဗျာများ**က လည်းကောင်း၊ ဒုတိယဆုကို ရန်နိုင်ဦး၏ **ပန်းဧည့်သည် ကဗျာစု**က လည်းကောင်း၊ တတိယဆုကို ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၏ **အနန္တအလင်္ကာ ကဗျာများ**က လည်းကောင်း ရရှိကြသည်။

__ဝိဇ္ဇာပညာရပ်ဆု__

သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ဆုတွင် ပထမဆုကို သန်းထွန်း (မော်လမြိုင်)၏ **မြန်မာနိုင်ငံ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များသမိုင်း**က လည်းကောင်း၊ ဒုတိယဆုကို မောင်မိုးယံ၏ **ကစ္ဆပနဒီမှ ဓညဝတီသစ္စာ**က လည်းကောင်း၊ တတိယဆုကို ကနောင်မောင်ဆန်းသစ်၏ **ဇာတိဂုဏ်တင့်ဝေဖြာသည့် မြစ်ရောကမ်းက မြို့မြန်အောင်** က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)ဆုတွင် ပထမဆုကို လူလေး (မြစ်ဝကျွန်းပေါ်)၏ **ရေအောက်ကမ္ဘာ၏ သိပ္ပံဆိုင်ရာ လျှို့ဝှက်ချက်များနှင့် ရေငုပ်သူရဲကောင်းများ**က လည်းကောင်း၊ ဒုတိယဆုကို ဒေါက်တာအေးကျော် (ဆေးသုတေသန)၏ **ဂလိုဘယ် (Global) ဇီဝဆေးသိပ္ပံနှင့် မြန်မာ့ဆေးသုတေသနရေစီးကြောင်း**က လည်းကောင်း၊ တတိယဆုကို ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၏ **သဘာဝဘေးအန္တရာယ်ဆိုးများနှင့် ဆေးပညာ၏ကဏ္ဍ**က လည်းကောင်း ရရှိကြသည်။

__စာပဒေသာစာပေဆု__

စာပဒေသာ စာပေဆုတွင် ပထမဆုကို သောင်းညွှန့်သစ်၏ **မြိုင်ယံလယ်က ဟတ္ထိဝကီ**က လည်းကောင်း၊ ဒုတိယဆုကို ရွှေဟသာ (မန္တလေးတက္ကသိုလ်)၏ **အမှတ်ထင်ထင် ကနီပုံရိပ်သွင်များ**က လည်းကောင်း၊ တတိယဆုကို မောင်စိုးထိုက် (သုံးဆယ်)၏ **ငါးချောင်းလက်ပမာ ထုံးနှလုံးမူနှင့် ကိုယ်တွေ့ဖြစ်ရပ်များ**က လည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို မအေးချမ်း (မြန်မာစာ)၏ **မြန်မာ့ရိုးရာ ဇာတ်ညွှန်းအနုပညာနှင့် သဘင်မှုလုပ်ငန်း အခေါ်အဝေါ်များ**ကလည်းကောင်း၊ ဒုတိယဆုကို မင်းဘူးအောင်ကြိုင်၏ **မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ရှေးဟောင်းလက်နက်များ (သမိုင်းမတင်မီခေတ်မှ ပုဂံခေတ်အထိ)**က လည်းကောင်း၊ တတိယဆုကို မြင့်စံ၏ **ပျူခေတ်နှင့် ပုဂံခေတ်မှ ဗုဒ္ဓဆင်းတုတော် ပုံသဏ္ဌာန်များ**က လည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ပထမဆုကို မင်းနိုင်လေး(လမ်းမတော်)၏ **အလှသစ်ချိန် ပန်းပွင့်ချိန် ကလေးကဗျာများ**က လည်းကောင်း၊ ဒုတိယဆုကို သိပ္ပံစိုးမြင့်နိုင်၏ **ညီထွေးလေးတို့ရွှေညာ ကလေးကဗျာများ**က လည်းကောင်း၊ တတိယဆုကို စိုးတင့်ထူး (မအူပင်)၏ **လရိပ်ညိုနှင့် ကြယ်ပျိုတစ်သင်း ကလေးဝတ္ထုတိုများ**က လည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ပထမဆုကို ခင်လပြည့်ဝန်း၏ **ကန္တာရဆူး**က လည်းကောင်း၊ ဒုတိယဆုကို မောင်ခိုင်ခန့်၏ **ပန်းခင်းလမ်းပေါ်က လူငယ်ခရီးသည်**က လည်းကောင်း၊ တတိယဆုကို နန္ဒာခင် (သက္ကလမြေ)၏ **တစ်ပွင့်စီဆိုင်သည့် ပန်းတစ်ခိုင်**က လည်းကောင်း ရရှိကြသည်။

__ပြဇာတ်စာပေဆု__

ပြဇာတ်စာပေဆုတွင် ပထမဆုကို ဇင်မင်း(သမိန်ထော)၏ **ရွှေထီးချောင်းက မောင်းထုသံ**က လည်းကောင်း၊ ဒုတိယဆုကို မောင်ဆန္ဒ(လယ်ဝေး)၏ **စွမ်းအားရှင်လူငယ်များ**က လည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၂မျိုး သတ်မှတ်ထားသည့်အနက် နိုင်ငံရေးစာပေဆုနှင့်ဘာသာပြန် စာပေဆုများအတွက် ပြိုင်ပွဲဝင်စာမူများ လက်ခံရရှိသော်လည်း ဆုအတွက် ရွေးချယ်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ဖုန်း-၀၁-၃၈၁၄၄၈သို့ အမြန်ဆုံး (တစ်ပတ်အတွင်း) ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ကျင်းပမည့် ၂၀၀၈ခုနှစ် အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်သည်။

စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော စာမူရှင်များသည် ဆုရွေးချယ်ခြင်း မခံရသော စာမူများကို ဆုစာရင်းထုတ်ပြန်ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။

၂၀၀၉ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲယှဉ်ပြိုင်လိုသူများသည် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို နယ်မှမှာယူလိုသူများသည် ငွေကျပ် ၂၀၀ဖြင့် ပေးပို့မှာယူနိုင်ပြီး စည်းကမ်းချက်များတွင်ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေ ကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သောမတ်အယ်လ်ဗာအက်ဒီဆင် ၁၈၄၇ - ၁၉၃၁

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ — တိုး-ရေးသားသည်

တီထွင်သူ သိပ္ပံပညာရှင်နှင့် စီးပွားရေးလုပ်ငန်းရှင် သောမတ်အယ်လ်ဗာအက်ဒီဆင်ကို အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ် မီလန်၌ ၁၈၄၇ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် မွေးဖွားသည်။ အက်ဒီဆင်ကို စာသင်ကျောင်းသို့ပို့ရာ အဆင်မပြေလှသဖြင့် မိခင်ဖြစ်သူက သူ့ကိုနေအိမ်မှာပင် စာသင်ပေးရန် ဆုံးဖြတ်လိုက်သည်။ သူဖတ်ဖို့ စာအုပ်အများအပြားကို မိခင်ကရှာဖွေပေးသည်။



သိပ္ပံပညာရှင် သောမတ်အယ်လ်ဗာအက်ဒီဆင်။

တီထွင်

အက်ဒီဆင်သည် သိလို မြင်လိုစိတ်ပြင်းပြသည့် ကလေးသူငယ်တစ်ဦးဖြစ်သည်။ အမြဲလိုလိုပင် အရာဝတ္ထုများ မည်သို့ဖြစ်တည်ပြောင်းလဲ လှုပ်ရှားနေသည်ကို သူသိချင်နေသည်။ သူ့မိခင်က နေအိမ်၌ လက်တွေ့စမ်းသပ်ခန်းတစ်ခု ထူထောင်ပေးထားသည်။ သူ့လက်တွေ့ခန်းထဲတွင် သူတီထွင်ထားသည့်အရာများ အတော်များများ တွေ့ရှိရသည်။

အသုံးပြု

အက်ဒီဆင်၏ လူသိအများဆုံးတီထွင်မှုမှာ လျှပ်စစ်မီးလုံးပင်ဖြစ်သည်။ ထိုခေတ် ထိုအခါက နေအိမ်များ၌ ဓာတ်ငွေ့ သို့မဟုတ် ရေနံဆီမီးအိမ်များ သုံးစွဲနေချိန်ဖြစ်သည်။ ဈေးသက်သာသော လျှပ်စစ်ကို အသုံးပြုခြင်းအားဖြင့် အလင်းရောင်ရရှိရေး သူအကြိမ်ကြိမ် ကြိုးစားသည်။ ဖွဲဖြင့် တီထွင်ခြင်းကြောင့် မျက်မှောက်ခေတ်တွင် လျှပ်စစ်မီးခလုတ် ဖွင့်လိုက်ရုံမျှဖြင့် အချိန်မရွေးလျှပ်စစ်မီးအလင်းရောင် ရရှိလာရခြင်းဖြစ်သည်။

ဖွင့်လှစ်

သူသည် ပထမဆုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကိုတည်ထောင်ပြီး နယူးယောက်မြို့၌ ၁၈၈၂ ခုနှစ်တွင် စက်ရုံဖွင့်လှစ်သည်။

သူ့လက်တွေ့ခန်းထဲတွင် သူတီထွင်ထားသည့် အရာများ အတော်များများတွေ့ရှိ။ အက်ဒီဆင်၏ လူသိအများဆုံးတီထွင်မှုမှာ လျှပ်စစ်မီးလုံးပင်ဖြစ်။

အက်ဒီဆင်သည် ရုပ်ရှင်ကင်မရာကိုလည်း တီထွင်သည်။ ယနေ့ခေတ်လူနေအိမ်နှင့် စာသင်ကျောင်းများ၌ မြင်တွေ့ရသည့် လျှပ်စစ်ဆိုင်ရာ စက်အများအပြားမှာ သူ့အတွေး၊ သူ့တီထွင်မှုများကြောင့်ပင်ဖြစ်သည်။

အကျိုးပြု

တီထွင်အောင်မြင်မှုဟူသည် တစ်ရာခိုင်နှုန်းသော ဉာဏ်ကွန့်မြူးမှုနှင့် ၉၉ရာခိုင်နှုန်းသော ချွေးထွက်မှုတို့၏ ရလဒ်ဖြစ်သည်ဟု သူကဆိုသည်။ လူသားအကျိုးပြု လုပ်ငန်းများကို တီထွင်သူ သောမတ်အယ်လ်ဗာအက်ဒီဆင်သည် အသက် (၈၄)နှစ်အရွယ်တွင် နယူးဂျာစီပြည်နယ် ဝက်စ်အောရိန့်၌ ၁၉၃၁ခုနှစ် အောက်တိုဘာ ၁၈ရက်က ကွယ်လွန်ခဲ့သည်။ ။

ကိုးကား-အင်တာနက်

ဘဝအမောပြေ

သူ့ဝါသနာ

မူလတန်းကျောင်းတစ်ကျောင်းတွင် အချိန်အတန်ကြာ စာသင်ပြီးချိန်၌ စိတ်အပြောင်းအလဲဖြစ်စေရန်အတွက် စတုတ္ထတန်းကျောင်းသားကျောင်းသူကလေးများအား ဆရာက ၎င်းတို့ တစ်ဦးချင်းစီ၏ ဝါသနာကို မေးမြန်းနေလေသည်-

ဆရာ ။ ။ ကဲ ငါ့တပည့်တွေ တစ်ဦးချင်းစီရဲ့ ဝါသနာကို ဆရာသိချင်တယ်။ အဲဒီတော့ ရှေ့ဆုံးတန်းက မောင်မြကစပြီး ကိုယ်ဝါသနာပါတာကို ပြောကြပါ။
မောင်မြ ။ ။ ကျွန်တော်က ပုံဆွဲတာ ဝါသနာပါတယ်။
မောင်ဘ ။ ။ ကျွန်တော်က ကြီးလာရင် ဆရာဝန်ကြီးလုပ်မယ်။
မောင်ထွေး ။ ။ ကျွန်တော်ကတော့ အင်ဂျင်နီယာလုပ်မယ်။
မဆွေ ။ ။ ကျွန်မရဲ့ဝါသနာက ဆရာမဖြစ်ချင်ပါတယ်။
မနီ ။ ။ ကျွန်မက အဆိုတော်လုပ်ပါမယ်။
မောင်တင် ။ ။ ကျွန်တော်ကတော့ သီချင်းရေးဆရာလုပ်မယ်ဆရာ။

ထို့နောက် ကျောင်းသားတစ်ဦး၏ ဝါသနာကို ဖြေလိုက်ပုံကြောင့် ဆရာမှာ ငိုအားထက် ရယ်အားသန်ဖြစ်ခဲ့ရသည်။

ဂျစ်တူး ။ ။ ကျွန်တော့်ဝါသနာက စားပြီး အိပ်ရေးဝဝ အိပ်ချင်တာပါပဲဆရာ။
ဆရာ ။ ။ ‘ဘာ’

ဘဝဒဿန

- *Count that day Last whose descending sun finds you with no good deeds done.*
  ကောင်းမွန်သောလုပ်ရပ်တစ်ခုခုကိုမျှ သင်မဆောင်ရွက်မိဘဲ နေဝင်သွားသောနေ့တစ်နေ့ကို သင့်အတွက် ဆုံးရှုံးသွားသောနေ့အဖြစ် သတ်မှတ်ပါ။
- *The right sort of deeds require no embellishment of words.*
  မှန်ကန်သောလုပ်ရပ်များအတွက် စကားလုံးများဖြင့် တန်ဆာဆင်ရန် မလိုအပ်ပါ။ **(နပိုလီယံဟီးလ်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့်မြကေခိုင်စိုး

ကမ္ဘာ့တန်ဖိုးအကြီးဆုံးတိုက်ခန်းနှင့် လူ့အသုံးအဆောင်ပစ္စည်းများ

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

ဝင်းနိုင် (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းသည်

ကမ္ဘာတစ်ဝန်းတွင် လူမှုဘဝနေထိုင်မှုပုံစံများ ပြောင်းလဲလျက်ရှိရာ တန်ဖိုးအကြီးဆုံး လူ့အသုံးအဆောင်ပစ္စည်းအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

ကမ္ဘာ့တန်ဖိုးအမြင့်ဆုံး မိုဘိုင်းလ်ဖုန်း

ဗြိတိန်နိုင်ငံ လီဗာပူးမြို့အခြေစိုက် ဂိုးစထရိုက်တာအင်တာနေရှင်နယ်မှ ထုတ်လုပ်ထားသည့် မိုဘိုင်းလ်ဖုန်းဖြစ်သည်။ ယင်းမိုဘိုင်းလ်ဖုန်းတွင် ၂၂ ကာရက်ရှိ ရွှေ ၂၇၁ ဂရမ်နှင့် စိန်ပွင့် ၂၀၀ တို့ကို ထည့်သွင်းပြုလုပ်ထားသည်။ မိုဘိုင်းလ်ဖုန်း၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သန်းဖြစ်သည်။

အရည်အသွေးကောင်း

အဆိုပါမိုဘိုင်းလ်ဖုန်းကို ဗြိတိသျှဒီဇိုင်းပညာရှင် စတုတ်ဟုပ်က ဖန်တီးပေးထားခြင်းဖြစ်သည်။ မိုဘိုင်းလ်ဖုန်းရှေ့ဘက်တွင် အသုံးပြုထားသော စိန်ပွင့်များမှာ ရှားပါးပြီး အရည်အသွေးကောင်းကာ တန်ဖိုးကြီးမားသော စိန်ပွင့်များကို စီခြယ်အသုံးပြုထားခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံး မိုဘိုင်းလ်ဖုန်းအဖြစ် မှတ်တမ်းတင်ခြင်း ခံရသည်။ ***(အပေါ်ပုံ)***

(အင်တာနက်)

ကမ္ဘာ့တန်ဖိုးအကြီးဆုံးတိုက်ခန်း

တရုတ်နိုင်ငံ ဟောင်ကောင်ရှိ အမှတ် ၃၉ ကွန်ဒပ်လမ်းမပေါ်၌ တည်ဆောက်ထားသော မိုးပျံအဆောက်အအုံမှ လူနေတိုက်ခန်းဖြစ်သည်။ တိုက်ခန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇သန်းဖြစ်ရာ စတုရန်းတစ်ပေလျှင် အမေရိကန်ဒေါ်လာ ၉၂၀၀နှုန်းဖြစ်သည်။ တိုက်ခန်းအကျယ်အဝန်းမှာ ၆၁၅၈ စတုရန်းပေရှိပြီး အဆောက်အအုံ၏ ဖ၈ထပ်၌ တည်ရှိသည်။ ဟန်ဒါဆန်လန်းလုပ်ငန်းပိုင်ဖြစ်ပြီး ယင်းအဆောက်အအုံမှ အခြားတိုက်ခန်းများမှာ အမေရိကန်ဒေါ်လာ ၅၁ သန်းခန့် တန်ဖိုးရှိသည်။ (အောက်ပုံ) (အင်တာနက်)

ကမ္ဘာ့တန်ဖိုးအကြီးဆုံး လက်စွပ်

တရုတ်နိုင်ငံ ဟောင်ကောင်ရှိ ကျောက်မျက်ရတနာ လေလံတင်ပွဲ၌ တင်ပြရောင်းချသော ဗီဗစ်ပင့်ခ်အမည်ရှိ စိန်လက်စွပ်ဖြစ်သည်။ ယင်းလက်စွပ်သည် အမေရိကန်ဒေါ်လာ ၁၀ဒသမ၈သန်း တန်ဖိုးရှိသည်။ အလွန်ရှားပါးသော ၎ါးကာရက်ရှိ စိန်ပွင့်များ ထည့်သွင်းထားပြီး ကမ္ဘာပေါ်၌ တန်ဖိုးအကြီးဆုံး စိန်လက်စွပ်အဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ ***(အပေါ်ပုံ)***

တန်ဖိုးအမြင့်ဆုံး

ယခင်က တန်ဖိုးအကြီးဆုံးလက်စွပ်မှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ လွန်ခဲ့သည့် ၁၅နှစ်က ရောင်းချခဲ့သော စိန်လက်စွပ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇ဒသမ၄ သန်း ဖြစ်သည်။

(အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၁

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး